The Arakan International

# The Arakan International



## နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်



အမှတ် (၂)
ဖေဖျော်ဝါရီလ
၂၀၁၁ ခုနှစ်။

# နိုင်းမြစ်ဝှမ်းမှပြည်သူ့တော်လှန်ရေး
















*ယင်းသျှောင်တတိန်းဆဆိတ်နန့်ကိုယ့်အကောင်းဆုံးအမွန်ဆုံးတိကိုကိုယ်ဖတ်နိန်ကတ်ယက်ပင်း ၁၅မနိလောက်အကြာမှာကျောင်းသားတယောက်က "အား– ငါကိုယ်တိုင်တောင်အေပိုင်မျိုးတခါလည်းမစဉ်းစားမိထော" ဆိုရေ အာမေဋိတ်သံနန့် . . . .* *(စာ ၁၄)*



*ယင်းသို့ဖြင့်အသက်၇နှစ်အရွယ်တွင်အမိအရင်းဆုံးပါးကာမထွီးမလက်တွင်ကြီးပြင်းရပြီးမိသားစု၏အိမ်ထောင်ပြောင်းရာနောက်သို့လိုက်ပါနိန်ခရသည့်လိန်ကိန်း၏ဘဝတသက်တာတွင်မည်မည်ရရကျောင်းနိန်ဖူးသောသက်တမ်းမှာတနှစ်ပင်မပြည့်တတ်ပါချေ။စာရှီးစာဖတ်ကိုအိမ်နားပါးချင်းများ၊တရားဟောဆရာများမှတဆင့် . . . . . .* *(စာ ၁၆)*



*နေရာတိုင်းမှာပုလိပ်နန့်ထောက်လှမ်းရေးတိပြည့်နှက်နိန်ဗျာယ်လူထုကိုတခုပိုင်လည်းလှုပ်လို့မရအောင်လုပ်ထားစွာမျိုးတိ၊လွှတ်လွှတ်လပ်လပ်ထုတ်ဖေါ်ပြောဆိုခွင့်၊ရှီးသားထုတ်ဝီခွင့်တိတခုချေလည်းမဟိရေအခြေအနေမျိုးတိကြောင့်ပြည်သူလူထုရေနောက်ဆုံးမှာ . . . . . .* *(စာ ၁၂)*

***အဲလားသမ္မတကြီး . . . .***

***ပြည်သူပြည်သားတိအားလုံးသီဆုံးနိန်ကတ်ပါဗျာယ်***

***"အစိုပါယ်မဟိခြင်း"ကိုပြည်သူတိ***

***စားသုံးမျိုချနိန်ကတ်ရ . . .***

***ဇာတိဇာပိုင်ဖြစ်နိန်ပျက်နိန်ကတ်လေ ကြည့်ပါတချက်***

***'ဝမ်းနည်းပက်လက်၊စိတ်ဓါတ်ကျမှု'တိ***

***နေရာတိုင်းမှာ ပြည့်လို့ . . . .***

***အဲလားသမ္မတကြီး . . . .***

***'ကြောက်ခြင်းတရား'ကိုနောက်မှာထားဗျာယ်***

***အကျွန်ပြောနိန်စွာပါ***

***'ဒုက္ခတရား'တိကိုရာအကျွန်လက်ခံရဟိဖို့ဆိုစွာကို***

***လည်းအကျွန်နားလည်ထားပြီးသားပါ . . . .***

***'မတရားမှုတိ၊မသမာမှုတိ'နေရာအနှံ့မှာပြည့်လို့ –။***

တဖက်ဖေါ်ပြပါစာပုဒ်ချေရေကိုရမ်ကျမ်းစာထဲကထုတ်ယူထားစွာမဟုတ်ပါ။ဒေသိယသုံးကဗျာစာတိုတခုလည်းမဟုတ်ပါ။၂၀၁၁ခု၊နှစ်ဦးပိုင်း၏အရှိအလယ်ပိုင်းနန့်အာဖရိကမြောက်ပိုင်းကပန်းစံပယ်တော်လှန်ရေး(Jasmine Revolution)၊တနည်းအားဖြင့်ပြည်သားပြည်သူလွတ်မြောက်ရေးပြိုင်ပွဲတိထဲမှာထိပ်ဆုံးကပန်းဝင်လားရေတူနီးသျှားနိုင်ငံကရာ့ပ်အဆိုတော်အယ်လ်ဂျိန်နရယ်(El General)ရှီးစပ်သီဆိုခရေသီခြင်းထဲကစာသားတချို့ဖြစ်ပါရေ။ထောင်ပေါင်းများစွာသောတူနီးသျှန်းလူငယ်တိရေတူနီးသျှားမြို့ကြီးတိ၏လမ်းမကြီးတိထက်မှာယင်းသီခြင်းကိုမညောင်းတမ်း၊မရိတမ်းအော်ဟစ်သီဆိုဗျာယ်နိုင်ငံတွင်းမှာပစ္စလက္ခတ်ဖြစ်ပျက်နိန်မှုတိကိုနိုင်ငံ့ဦးသျှောင်သမ္မတကြီးဘားသို့တိုင်တမ်းငိုညည်းနိန်ခကတ်စွာပါ။

ဒေလှုပ်သျှားမှုကြီးမှာအဓိကအခရာကျရေဆက်သွယ်ရေးနည်းလမ်းတိကတော့ကေအိန်တာနက်နန့်တယ်လီဖုန်းဖြစ်တေလို့ဆိုပါရေ။ ဝက်ဘ်ဆိုဒ်မှာ Post တခုလုပ်လိုက်စွာနန့်လူထောင်ပေါင်း

*(စာမျက်နှာ ၁၂ သို့)*

# အယ်ဒီတာ့စကား

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

ဘဝ၏ဒုက္ခ၊သုခတိဘဇောင်ပိုင်ပင်ဟိနိန်ကတ်သည့်တိုင်လောကီလူသားတိရေဖေဗျူဝါရီလ၁၄ရက်နိမှာကျရောက်ခရေ Valentine's Day (ချစ်သူများနိ) ကိုကမ္ဘာအနှံ့မှာအတိုင်းအတာတခုထိအသိအမှတ်ပြုဆင်နွှဲခကတ်ပါရေ။မလေးသျှားနိုင်ငံမှာဆိုကေလူငယ်တချို့ကဟိုတယ်ခန်းတိကိုနာရီလိုက်ငှါးပနာချိန်းတွိခြင်းဖြင့်ချစ်သူများနိကိုကြိုဆိုကျင်းပခကတ်လို့သက်ဆိုင်ရာအာဏာပိုင်တိ၏ဖမ်းဆီးခြင်းကိုခံကတ်ရရေလို့ဆိုပါရေ။(အေစာစဥ်ထဲမှာယင်းသတင်းတိုကိုရှာဖွိဖတ်ရှုနိုင်ကတ်ပါရေ။စကားချပ်။)တချိန်တည်းမှာပင်ယင်းချစ်သူများနိကိုအပူပန်ဆုံး၊အစိုးရိမ်ဆုံးအနိန်အထားတမျိုးနန့်(သို့မဟုတ်)ယင်းကိစ္စကိုဂေါင်းထဲမှာတောင်မထည့်နိုင်ရေလူအုပ်စုတစုဟိနိန်ခပါရေ။ယင်းအုပ်စုကတော့ကေကမ္ဘာတလွှားနိုင်ငံအချို့မှာမင်းမူနိန်ကတ်တေအာဏာသျှင်တိ၊သက်တမ်းရှည်အကြွင်းမဲ့ဘုရင်တိပါ။

တူနီးသျှားကဘန်အလီဆိုကေကုန်ခရေလကပင်ထွက်ပြီးလားခပါယာ။မြီထဲပင်လယ်အရှိပိုင်းဒေသကပင်လယ်ထဲမှာရှက်လှွင့်လှည့်လည်နိန်တတ်တေလူအုပ်စုတစုကယေသျှုခရစ်တော်မတိုင်ခင်နှစ်တထောင်လောက်မှာစလို့တည်ထောင်ခရေတူနီးသျှားနိုင်ငံသားတိအတွက်အာဏာသျှင်စံနှစ်အောက်မှာနိန်ရစွာကိုမျိုးဆက်ပေါင်းများစွာခံစားပြီးကတ်ဗျာယ်ဖြစ်ပါရေ။ပြင်သစ်ဘားကလွတ်လပ်ရေးရပြီး၁၉၅၉ခုနှစ်ကနိန်၂၀၁၁အတွင်းနှစ်ပေါင်း၅၀ကျော်မှာတူနီးသျှားကိုလူ၂ယောက်တည်းကအုပ်ချုပ်နိန်ခ စွာပါ။၁၉၅၉ခုနှစ်ကနိန်၁၉၈၇ခုနှစ်ထိဟာဗိဘော်ဂိုင်ဘာ(Habib Gourguiba)နန့်၁၉၈၇ကနိန်၂၀၁၁ဂျန်နျူဝါရီထိ ဘန်အလီ(Ben Ali)ရို့ဖြစ်ကတ်ပါရေ။

ခရစ်တော်မပေါ်ခင်နှစ်ပေါင်း၅၀၀၀လောက်ကစပြီးကေလူ့ယဥ်ကျေးမှုစတင်ထွန်းကားခရေအီဂျိမှာတော့ကေ၁၉၈၁ခုနှစ်အောက်တိုဘာဖရက်မှာသမ္မတအန်ဝါဆဒတ်လုပ်ကြံခံရရေခါဒုသမ္မတဖြစ်တေဟော့စနီမူဘာရာ့ခ်(Hosni Muburrak)ကသမ္မတတက်ဖြစ်လာပြီးကေ ရွီးကောက်ပွဲယောင်ယောင်တိလုပ်ပနာအတိုက်အခံဆိုစွာလည်းမည်မည်ရရမဟိပဲနန့်(ဟိခွင့်မပီးပဲနန့်)အာဏာကိုနည်းမျိုးစုံနန့်ချုပ်ကိုင်မင်းမူနိန်ထိုင်လာစွာပါ။ယင်းပုဂ္ဂိုလ်ဆိုကေချစ်သူများနိမတိုင်ခင်(၃)ရက်လောက်အလိုမှာရာထူးကဆင်းပီးလားရပါရေ။သူ့ပိုင်ဆိုင်သမျှအစုစုတိကိုစောကြောနိန်ကတ်သံ၊ဝေဖန်နိန်ကတ်သံ၊ပိတ်ပင်ဖို့ခြိမ်းခြောက်နိန်ကတ်သံစသည်ဖြင့်အသံစုံ၊ဗလံစုံတိကိုလည်းကြားနိန်ရပါယင့်။

တခြားပုဂ္ဂိုလ်တိဝါယေကေ? ဇာပြောကောင်းဖို့လဲ။လက်ချေနှစ်ချောင်းထောင်ပနာလမ်းမထက်ကိုပုရွက်ပုသိမ့်တက်လာနိန်ကတ်တေထောင်ပေါင်း၊သောင်းပေါင်းများစွာသောပြည်သူရို့၏မြင်ကွင်းတိကိုနန်းတော်တိ၊ရဲတိုက်တိ၊စံအိမ်တိထဲကနိန်ပူပန်သောကစိုးရိမ်စိတ်အပြည့်နန့်ကြည့်နိန်ခကတ်ရရေသူရို့တိမှာချစ်သူများနိအတွက်အသိအမှတ်ပြုချိန်ရလီဖို့မဟုတ်စွာကိုတွေးဖြစ်ပနာသူရို့တိအတွက်ကိုယ်ချင်းစာစိတ်နန့်သနားနိန်မိပါရေ။

ယေခါယင်းမြင်ကွင်းတိကိုကြည့်ဗျာယ်နိန်ယက်ပင်း၊ယင်းကြီးကြီးမားမားပုဂ္ဂိုလ်တိကိုကိုယ်ချင်းစာနာနိန်ယက်ပင်း –

***"ဆင်ကိုကြည့်၍***
***ဝဋ်လည်ကြမ္မ***
***ဆိုးဝါးစွ --ဟု***
***မြေလွှာဆီစား***
***'တီ' မင်းသားလျှင်***
***သနားစိတ်နှင့်ငိုသတည်း"*** ဆိုရေအငယ်ချေကဖတ်ခဖူးရေကဗျာချေတပုဒ်ကိုလားလို့အတွက်ပေါ်ပနာပြုံးစိစိချေနန့်သံဝေဂစိတ်ဖြစ်နိန်မိကြောင်းပါ။



ခင်မင်မှုဖြင့်
ဦးသိန်းမောင်

"သတ္တိမွီးပါ။ဒေသျှောင်မျိုးအခက်အခဲတိ၊အကျပ်အတည်းတိကိုအကျွန်အယင်ကလည်းမြင်တွိဖူးခ ပါရေ။အမေရိကားရေယင်းပိုင်အခက်အခဲတိကိုကျော်လွှားပနာအယင်ကထက်ပိုလို့တိုးတက်ကြွယ်ဝရေ၊ပိုလို့ကြံ့ခိုင်ရေနိုင်ငံဖြစ်လာစွာဂျေးပါယာ။မင်းရှိကမင်းပါပါရို့မျိုးဆက်ပိုင် သတ္တိဟိပါ။ ယုံကြည်ချက်ဟိပါ။ရှိသို့ချီတက်ပါ"

**Thomas A. Edison**

## ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။

# ဖေဖျော်ဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– ရက်ပေါင်းများစွာမငြိမ်သက်မှုများ၊အဓိကရုဏ်းများဖြစ်ပေါ်ပြီးနောက်တွင်အီဂျိနိုင်ငံ၌သင့်တင်လျှောက်ပတ်သောပြုပြင်ပြောင်းလဲရန်အချိန်တန်ဗျာယ်ဖြစ်ကြောင်း၊လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများပြုလုပ်ရန်အချိန်တန်ဗျာယ်ဖြစ်ကြောင်းအမေရိကန်သမ္မတအိုဘားမားကအီဂျိသမ္မတမူဘာရက်အားတိုက်တွန်းပြောဆိုလိုက်သည်။

၁– အီဂျိနိုင်ငံအားနှစ်ပေါင်း၃၀ကြာမင်းမူအုပ်ချုပ်သည့်သမ္မတမူဘာရာ့ခ်ကၟင်းအနိန်ဖြင့်လာမည့်စက်တိန်ဘာလတွင်သူ့သမ္မတသက်တမ်းကုန်ဆုံးချိန်၌ပြန်လည်ရွေးကောက်ပွဲဝင်မည်မဟုတ်ကြောင်းပြောဆိုလိုက်သည်။

၁– အမေရိကန်အနောက်အလယ်ပိုင်းတွင်နှင်းမုန်းတိုင်းကျရောက်သဖြင့်အလုပ်ဌါနများ၊ကျောင်းများပိတ်ထားရသည်။

၁– ၁၉၈၆ခုနှစ်တွင်ပြည်ပသို့ထွက်ခွါလာပြီးနောက်ဟေတီသမ္မတဟောင်းဂျိန်းခလောင်ဒီ၏ဘဏ်စာရင်းတွင်ဟိနိန်သည့်အမေရိကန်ဒေါ်လာ၆သန်းအားလောလောဆယ်တွင်ထုတ်ယူသုံးစွဲခွင့်ပြုမည်မဟုတ်ကြောင်းနှင့်ဟေတီသမ္မတဟောင်းအနိန်ဖြင့်အဆိုပါငွေများအားတရားသောနည်းလမ်းဖြင့်ရဟိထားခြင်းဖြစ်ကြောင်းသက်သေပြနိုင်မှသာပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်းဆွီဇာလန်ဘဏ်မှထုတ်ဖေါ်ပြောဆိုသည်။

၂– ဩစတြေးလျ၏အရှိမြောက်ကမ်းခြေသို့ဆိုင်ကလုန်းမုန်းတိုင်းဝင်တိုက်သည်။

၂– အမေရိကန်အမျိုးသားအာကာသအေဂျိန်စီ(နာဆာ)သည်စကြဝဠာထဲတွင်ကမ္ဘာ၏အရွယ်အစားဟိသည့်အခြားဂြိုဟ်၅လုံးအားတွိဟိထားသည်ဟုသတင်းထုတ်ပြန်သည်။

၂– အီဂျိနိုင်ငံကိုင်ရိုမြို့တော်တွင်သမ္မတဟော့စနီမူဘာရာ့ခ်အားထောက်ခံသူများနှင့်ကန့်ကွက်သူများကြားဆန္ဒပြရန်ဖြစ်ကတ်ရာလူ၃ယောက်သီဆုံးလားသည်။

၂– လာဘ်စားမှုတခုတွင်ပါဝင်ပါက်သက်နိန်မှုဖြင့်အန္တိယ၏ဆက်သွယ်ရေးဝန်ကြီးဟောင်းအေရာဂျာအား သက်ဆိုင်ရာမှဖမ်းဆီးလိုက်သည်။

၃– ကမ္ဘာကြီး၏ဥတုရာသီအပြောင်းအလဲကိစ္စကိုထိန်းညှိလုပ်ဆောင်ရန်ဖွံ့ဖြိုးပြီးနိုင်ငံများဦးဆောင်ကတ်ရမည်ဖြစ်ကြောင်းအန္တိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းကပြောကြားလိုက်သည်။

၃– တရုတ်ရိုးရာ ‘ယုန်နှစ်’ နှစ်သစ်ကူးပွဲတော်အားအာသျှတိုက်နေရာအနှံ့တွင်ကျင်းပလားကတ်သည်။

၃– အီဂျိသမ္မတမူဘာရာ့ခ်ကသူသည်သမ္မတရာထူးမှအေဂုပင်ဆင်းပီးချင်ကြောင်း၊သို့သော်ယင်း၏နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်မငြိမ်မသက်မှုများ၊ဆိုးကျိုးများအားမိမိစိုးရိမ်မိပါကြောင်းအေနိတွင်ပြောဆိုလိုက်သည်။

# ၈၃ ကြိမ်မြောက်ဟောလီးဝုဒ်အာကယ်ဒမီဆုများ (ဖေ၂၇)

အကောင်းဆုံးဇာတ်ကား။ ။ The King's Speech

အကောင်းဆုံးဒါရိုက်တာ။ ။ Tom Hooper (The King's Speech)

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်။ ။ Colin Firth (The King's Speech)

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်။ ။ Natalie Portman (Black Swan)

အကောင်းဆုံးအမျိုးသားဇာတ်ပို့။ ။ Christian Bale (The Fighter)

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့။ ။ Melissa Leo (The Fighter)

အကောင်းဆုံးနိုင်ငံခြားရုပ်ရှင်ကား။ ။ In a Better World (Denmark)




## ဖေဖျော်ဝါရီလ (February)

ဖေဖျော်ဝါရီလသည်နှစ်တနှစ်၏ဒုတိယမြောက်လဖြစ်ပြီးတနှစ်အတွင်းရက်အနည်းဆုံး(တနည်းအားဖြင့်အတိုဆုံး)လဖြစ်ပါသည်။ကမ္ဘာ့မြောက်ပိုင်းဒေသများတွင်ဖေဖျော်ဝါရီသည်ချမ်းအေးသည့်ဆောင်းတွင်းလဖြစ်ပြီးကမ္ဘာ့တောင်ပိုင်းတွင်မူပူပြင်းသည့်နွေလဖြစ်ပါသည်။ပုံမှန်အားဖြင့်ဖေဖျော်ဝါရီလတွင်ရက်ပေါင်း၂၈ရက်ဟိပြီးရက်ထပ်နှစ်များ(၄နှင့်စား၍အပြတ်ကုန်သည့်ခုနှစ်များ)တွင်မူဖေဖျော်ဝါရီ၌ရက်ပေါင်း၂၉ရက်ဟိပါသည်။

ကမ္ဘာ့သမိုင်း၏သမိုင်းဝင်၊စာတင်ခံရသောလူသားများအနက်အောက်ဖေါ်ပြပါပုဂ္ဂိုလ်များကိုဖေဖျော်ဝါရီလထဲတွင်ဖွါးမြင်ခပါသည်။

ဖေ ၆၊ ၁၉၁၁– ရော်နယ်ရီဂိင် **(Ronald Reagan)**

(၄၀ယောက်မြောက်အမေရိကန်သမ္မတ)

*ဖေ ၇၊ ၁၈၁၂– ချားလ်စ်ဒီကန်စ်* **(Charles Dickens)** *(အင်္ဂလိပ်စာရွီးဆရာ)*

ဖေ ၉၊ ၁၇၇၃– ဝီလီယံဟိန်နရီဟယ်ရီဆိန် **(William Henry Harrison)**

(၉ယောက်မြောက်အမေရိကန်သမ္မတ)

*ဖေ ၁၁၊ ၁၈၄၇– ထောမာ့စ်အက်ဒီဆိန်* ***(Thomas Edison)***

*(အမေရိကန်တီထွင်ပညာသျှင်/လျှပ်စစ်မီးသီးကိုတီထွင်ခသူ)*

ဖေ ၁၂၊ ၁၈၀၉– ချားလ်စ်ဒါဝိန် **(Charles Darwin)**

(အင်္ဂလိပ်မနုဿဗေဒပညာသျှင်)

*ဖေ ၁၂၊ ၁၈၀၉– အေဘရာဟမ်လိန်ကိန်း* ***(Abraham Lincoln)***

*(၁၆ယောက်မြောက်အမေရိကန်သမ္မတ)*

ဖေ ၁၄၊ ၁၈၁၇– ဖရက်ဒရိဒေါက်ဂလာ့စ် **(Frederick Douglass)**

(အမေရိကန်လူမှုပြုပြင်တော်လှန်သူ)

*ဖေ ၁၅၊ ၁၅၆၄– ဂယ်လီလီယို* ***(Galileo)***

*(အီတာလျံနက္ခတ္တဗေဒပညာသျှင်)*

ဖေ ၂၂၊ ၁၇၃၂– ဂျော့ချ်ဝါသျှိန်တန် **(George Washington)**

(ပထမဦးဆုံးအမေရိကန်သမ္မတ)

*ဖေ ၂၇၊ ၁၈၀၇– ဟိန်နရီလောင်းဖဲလိုး* ***(Henry Longfellow)***

*(အမေရိကန်ဘာသာဗေဒပညာသျှင်၊ ကဗျာဆရာ)*

## ဖေဖော်ဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၃– အမေရိကန်နှင့်ခယ်နေဒါနိုင်ငံများတွင်ကျရောက်ခဲ့သည့်နှင်းမုန်တိုင်းကြောင့်ခရီးလားလာရေးပိတ်ဆို့ရပ်တန့်မှုများနေရာအနှံ့ဖြစ်ပေါ်ပြီးနောက်တွင်အေဂုအခါလားရေးလာရေးများပုံမှန်နီးပါးပြန်ဖြစ်နိုင်ဗျာယ်ဖြစ်သည်။

၄– ကမ္ဘောဒီးယားနှင့်ထိုင်းနယ်စပ်ဟိသာသနိကအဆောက်အဦတခုပိုင်ဆိုင်မှုအတွက်အငြင်းပွါးကတ်ရာမှနှစ်ဖက်နိုင်ငံစစ်တပ်များကြားတွင်ပစ်ခတ်မှုအနည်းအကျဉ်းဖြစ်ပွါးရာအရပ်သားတယောက်သီဆုံးလားကြောင်းစစ်ဖက်သတင်းတရပ်တွင်ဖေါ်ပြသည်။

၄– မြောက်ကိုးရီးယားရို့ပိုင်ဆိုင်သောအဖျက်စွမ်းအားကောင်းသည့်လက်နက်ကြီးများအတွက်ရှာဖွီ၊ကာကွယ်မှုများပြုလုပ်နိုင်ရန်တောင်ကိုးရီးယားနှင့်အမေရိကန်တပ်ဖွဲ့များသည်ပူးတွဲစစ်ဆင်ရေးလေ့ကျင့်ခဏ်းတခုကိုပြုလုပ်ကတ်သည်။

၄– အီဂျိနိုင်ငံတွင်လက်ဟိဖြစ်ပေါ်နိန်သောမငြိမ်မသက်မှုများကြောင့်စက်ရုံအလုပ်ရုံများပိတ်ထားရမှု၊ကမ္ဘာလှည့်ခရီးသည်များမလာရောက်မှုများကြောင့်နိုင်ငံအတွက်နိစဉ်အမေရိကန်ဒေါ်လာသန်းပေါင်း၃၁၀ခန့်ဆုံးသျှုံးမှုတိဟိနိန်ကြောင်းသတင်းတရပ်ကဆိုသည်။

၄– အကယ်ဒ္ဒနုပြည်သူပြည်သားများကတောင်းဆိုမှုပြုကတ်ပါမူမိမိအနိန်ဖြင့်အီဂျိနိုင်ငံ၏သမ္မတလောင်းအဖြစ်ဝင်ရောက်အရွှီးခံလိုပါကြောင်းနိုဘယ်ငြိမ်းချမ်းရေးဆုသျှင်မိုဟာမက်အယ်ဘာရာဒိုင်ကထုတ်ဖေါ်ပြောဆိုလိုက်သည်။

၄– အမေရိကန်ပြည်ထောင်စုတွင်အလုပ်မဟိသူဦးရေသည်ဂျန်နျူဝါရီလတွင်ဇရာနှုန်းထိလျော့ကျလားကြောင်း၊သို့သော်အလုပ်အကိုင်သစ်များဖန်တီးသည့်ဖက်တွင်လုံလောက်မှုမဟိသိကြောင်းသတင်းတရပ်ကဆိုသည်။

၄– ဗမာပြည်၏စစ်ဖက်နောက်ခံထားသည့်လွှတ်တော်သစ်သည်စစ်အစိုးရ၏ဝန်ကြီးချုပ်ဟောင်းစစ်ဗိုလ်ချုပ်ကြီးသိန်းစိန်အားနိုင်ငံ၏သမ္မတသစ်အဖြစ်စစ်ကောက်တင်မြှောက်လိုက်ကတ်သည်။

၄– မကြာခင်ကသေနတ်ဖြင့်ပစ်ခတ်ခြင်းခံရသည့်အရီဇိုးနားအောက်လွှတ်တော်အမတ်အမျိုးသမီးဂါဘရီလာ၏လင်ဖြစ်သူသည်အေပရယ်လတွင်လွှတ်တင်မည့်အမေရိကန်အာကာသယဉ်တွင်လိုက်ပါလားကတ်မည့်အာကာသယဉ်မှူးများအုပ်စုကိုဦးဆောင်လားမည်ဖြစ်ကြောင်းအမေရိကန်အမျိုးသားအာကာသအေဂျိန်စီ(နာဆာ)မှအေနိတွင်ထုတ်ပြန်ကျေငြာသည်။

၅– ခေါက်ဆွဲစား(လာဘ်စား)သောပါကိစတန်ခရိကတ်ကဇါပ်သမား၃ယောက်အားအပြည်ပြည်ဆိုင်ရာ ခရိကတ်ကော်မီတီမှခရိကတ် ကဇါပ်ခွင့်၅နှစ်မှ၁၀နှစ်ထိပိတ်ပင်လိုက်သည်။

၅– ထိုင်းနှင့်ကမ္ဘောဒီးယားကြားမှအငြင်းပွါးမှုကိစ္စအားဆွေးနွေးသဖေါတူညီမှုတရပ်ရဟိကာအေဂုအခါနှစ်နိုင်ငံနယ်စပ်တွင်အပစ်အခတ်တန့်လားဗျာယ်ဖြစ်သည်။

၅– ဖိလိပိန်းနိုင်ငံမှအကြီးဆုံးမူဆလင်ပြောက်ကျားအုပ်စုသည်မနီလာအစိုးရနှင့်တွိဆုံဆွေးနွေးမှုများပြုလုပ်လိုကြောင်းပြောဆိုလိုက်သည်။

၅– အီဂျိနိုင်ငံတွင်အတောမသတ်နိုင်သောဆန္ဒပြမှုများကြောင့်အာဏာရပါတီမှထိပ်တန်းဂေါင်းဆောင်များရာထူးမှနှုတ်ထွက်လားကတ်ရာနှုတ်ထွက်သူများထဲတွင်သမ္မတဟော့စနီမူဘာရာ့ခ်၏သားဖြစ်သူလည်းပါဝင်သည်။

၆– သီရိလင်္ကာနိုင်ငံတွင်မုဒ်သုန်မိုးအကြီးအကျယ်ရွာပြီးရီကြီးမှုကြောင့်လူတသန်းခန့်အိုးပစ်အိမ်ပစ်ထွက်ခွါလားကတ်ရပြီးလူ၁၄ယောက်ခန့်သီဆုံးလားသည်။

၆– တောင်ပိုင်းဆူဒန်တွင်ပစ်ခတ်မှုများဖြစ်ပွါးသည့်အတွက်လူ၃၀ခန့်သီဆုံးလားသည်။

*"သိကြားလက်နက်*

*ထိန်ထိန်ထွက်သည်၊*
*စကြာအရောင် ဝင်းဝင်းပြောင်နှင့်၊*
*တောတောင်ခိုးမှီ၊*

*အလဖ္ဖျီဘီလူး၊ သားစားကြူးကို၊*

*ဂုဏ်ထူးအာဏာ၊ ဘုန်းမိုးဖြာ၍*
*လိုရာအောင်မြင်၊ အောင်မြို့ဝင်၍၊*
*ခေါ်တွင်ရခိုင်၊ ဂုတိုင်မပျက်၊*

*မော်ကွန်းထွက်၍"*

" ရန်သူတိရေ ကကောင်း

ဉာဏ်များရေ၊ ပါးနပ်တေ၊

ပရိယာယ်များရေ၊ ပြည်သူအားလုံး

သူရို့အလိုသို့

မလိုက် လိုက်အောင်

ခြောက်တခါ၊မြှောက်တလှည့်နန့်

လှည့်ပတ်နိုင်ရေအဂ္ဂါနန့်

ပြည့်စုံကတ်တေ၊

ငါရို့မှာ ငါရို့ခွန်အား၊

ငါရို့၏ တည်ကြည်ခိုင်ခံ့မှု၊

အကျင့်စာရိတ္တကောင်းမှု၊

စည်းလုံးညီညွတ်မှုတိကိုအခြီခံပနာ

ငါရို့လိုချင်စွာကို ငါရို့

ရယူလားရဖို့ ဖြစ်တေအတွက်

တယောက်ကိုတယောက်

ဆဲဆိုခြင်း၊ ပြစ်တင်ဝေဖန်ခြင်း၊

ငြူစူစောင်းမြောင်းခြင်းတိကို

လုပ်ပြီးကေ ကိုယ့်အင်အားကို

မဆုတ်ယုတ်ကတ်စီကေ့"

*ဆရာတော်အသျှင် ဦးဉတ္တမ*

## ဗုန်းဒလုတ်ကေအလွမ်း

"ဗုန်းဒလုတ်ကေ – ဝေ
နင့်မှာသားသမီး ဇာနှစ်ယောက်ဟိလဲ
တကျိပ်ကိုးယောက်
ငါ့ (ကို) တယောက်ပီး – မပီး
နင့်ဂေါင်းမှာ ကြက်ချီး
ယက်ချပလိုက် – မယက်
နင့် (ကို) ငါ လိုက်"။ ။

ရှာတလင်းပြင်၊ စံပယ်ပင်အောက်
သူ့ယင်ငါရောက်၊ ကဆုန်ပေါက်လို့
ငါရို့ပျော်ခ၊ ငယ်ဘဝမှာ
နွမ်းလျဘဝင်၊ မချိတင်ကဲ
ဇာလဲမဟိ၊ ပြုံးအတိနန့်
စိတ်သန့်ကိုယ်မှာ၊ အားပြည့်ပါ၏။
ဇာပင်စားရ၊ ဝမ်းမှာ ဝ ၏။
ဇာပင်ဝတ်ရ၊ စိတ်မှာ လှ ၏။ ။

ဂုခါဆိုကေ၊ ဂလုတ်ဘယ်မှာ
အမေရိက၊ ဥရောပ နန့်
အနံ့ကမ္ဘာ၊ ရောက်နိန်ပါလည်း
နှစ်ဟောင်းကုန်ကုန်၊ နှစ်သစ်ဆုံလည်း
မကြောင့်မကြ၊ နိန်ပါရလည်း
ဘဝအခြီ၊ မြင့်ဗျာနိန်လည်း
ပါပါမေမေ၊ ညီမချေ နန့်
သူငယ်ချင်းကောင်း၊ မျိုးဆွီပေါင်းကို
နိစဉ်တမ်းတ၊ အောင့်မိရ၏။
စိတ်လွမ်းထွေထွေ၊ ရှာသို့လည်၏။
မချိဘဝင်၊ နွမ်းရိထင်၏။ ။

ဗုန်းဒလုတ်ကေ၊ တ ဝေ ဝေ လျှင်
ကဇါပ်လိုက်ချင်ဘိသည်တကား။ ။

*ကာဇော (မယူကမ်း)*

## ဖေဖျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၀– ဘရာဇီးနိုင်ငံတွင်သူ၏မင်္ဂလာဆောင်အတွက်နောက်ကျပြီးမှရောက်လာသောသတို့သားတယောက်အားဖုရားကျောင်းမှဒဏ်ငွေဒေါ်လာ၃၀၀အတပ်ခံရကြောင်းတောင်အမေရိကတိုက်ဆိုင်ရာသတင်းတပုဒ်တွင်ဖေါ်ပြထား သည်။

၁၀– အီရိုနိုင်ငံတွင်ထောင်ပေါင်းများစွာသောပြည်သူများသည်သမ္မတဟော့စနီမူဘာရာ့ခ်ရာထူးမှနှုတ်ထွက်ပီးရေးအတွက်ပြပြင်းထထန်ဆက်လက်ဆန္ဒပြနိန်ကတ်ရာအမေရိကန်သမ္မတဘာရာ့ခ်အိုဘားမားကအပြောင်းအလဲအတွက်ပီပြင်ပြတ်သားမှုဟိရန်လိုကြောင်းပြောဆိုလိုက်သည်။

၁၀– အိုင်ယာလန်နိုင်ငံတွင်လီယဉ်ပျံတစီးပျက်ကျရာအိုင်ယာသမ္မတ၏ဆွီမျိုးတယောက်အပါအဝင်လူ၆ယောက် သီဆုံးလားသည်။

၁၀– မိုက်ခရိုဆော့ကုမ္ပဏီသည်ယင်း၏နောက်ဆုံးပေါ် 'အိုင်အီး၉' အိန်တာနက်ဝက်ဘ်ဆိုဒ်ဘရောက်ဇာအား အေနိတွင်စတင်ထုတ်လွှင့်ဖြန့်ချီလိုက်သည်။

၁၀– ဗမာပြည်ဒီမိုခရေစီဂေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အားအေနှစ်အတွက်ဗြိတိန်နိုင်ငံစျိုးပွဲတော်၏ဧည့်ဆောင်ညွှန်ကြားရေးမှူးအဖြစ်သတ်မှတ်လိုက်ကြောင်းဘီဘီစီသတင်းတရပ်ကဆိုသည်။

၁၁– အမေရိကန်ပြည်ထောင်စုနယူးယော့မြို့၌လာမည့်အပါတ်တွင်ပြုလုပ်ရန်ဟိသည့်ဖက်သျှန်ပွဲတော်သို့ကမ္ဘာအရပ်ရပ်မှဖက်သျှန်ကုမ္ပဏီများသည်ဒေါ်လာသန်းပေါင်းထောင်နှင့်ချီ၍အကုန်အကျခံရင်းနှီးမြှုပ်နှံကာလာရောက်နိန်ကတ်ဗျာယ်ဖြစ်သည်။

၁၁– အယင်နှစ်က မဂ္ဂနီကျူ ၈.၈ ငယင်လှုပ်ခတ်လားသည့်ချီလီနိုင်ငံအလယ်ပိုင်းသို့အေနိတွင်မဂ္ဂနီကျူ အင်အား ၆.၈ ဟိသည့်ငယင်ဝင်ရောက်လှုပ်ခတ်လားသည်။

၁၁– ကြီးကျယ်သောဆန္ဒပြမှုများ၁၈ရက်ကြာဆက်တိုက်ဖြစ်ပွါးပြီးနောက်အီရိုသမ္မတဟော့စနီမူဘာရာ့ခ်သည်သမ္မတရာထူးမှနှုတ်ထွက်ကြောင်းအေနိတွင်ကြော်ငြာလိုက်သည်။

၁၁– လူ့အခွင့်အရေးအတွက်ဦးဆောင်လှုပ်သျှားသူတရုတ်အမျိုးသားချန်ဂွမ်းချန်နှင့်သူ့ဇနီးအားတရုတ်အာဏာပိုင်များ၏လျှို့ဝှက်ညှင်းပမ်းနှိုက်စက်သည့်ဗီဒီယိုခွေအေနိတွင်ထွက်ပေါ်လာသည်။

၁၁– ဂိုးဂိုးလ်နှင့်အက်ဖါးလ်ကုမ္ပဏီများ၏စိန်ခေါ်မှုကိုရင်ဆိုင်ရန်အလို့ငှါမိုက်ခရိုဆော့ဖ်နှင့်နိုကီးယားကမ္ပဏီများအနိန်ဖြင့်မဟာဗျူဟာကျစွာပူးပေါင်းဆောင်ရွက်လားမည်ဖြစ်ကြောင်းအေနိတွင်သတင်းထုတ်ပြန်သည်။

## "အားဟီရေပိုင်အာပါတ်လည်းလာတတ်"



ဖြားကျချိန်၌သောင်တင်ကျန်လိုက်သောဝေလငါးများ

အေလပထမပါတ်ထဲကရာနန့်ချီသောဝေလငါးများသည်နယူးဇီလန်နိုင်ငံတောင်ဖက်ကမ်းရိုးတန်းတလျှောက်တွင်ဖြားကျချိန်၌သောင်တင်ကျန်လိုက်ပနာဆက်လက်ရီမကူးနှိုင်ပဲဖြစ်နိန်ခကတ်ပါသည်။ တချို့မှာအချိန်မီကယ်တင်ခံရပြီးရီပြန်ကူးလားနှိုင်ကတ်သော်လည်း အချို့မှာသီဆုံးလားသည်ဟုဆိုပါသည်။အေသျှောင်မျိုးဝေလငါးတိသောင်တင်ပနာရီမကူးနှိုင်ဖြစ်ရသောဖြစ်ရပ်တိရေနှစ်စဉ်နှစ်တိုင်းပိုင်တွိကြုံနိန်ကျဖြစ်သည်ဟုဆိုပါသည်။ ၂၀၀၉ခုနှစ်၊ဩဂုတ်စ်လကဆိုကေသောင်တင်ဗျာယ်သီဆုံးလားရေဝေလငါးပေါင်းရာနန့်ချီခကြောင်းသတင်းများတွင်ဖေါ်ပြထားရာအလုံးအထည်ကြီးမားသန်မာမှုတိုင်းသည်လည်း ကောင်းခြင်းတရပ် လို့ယူဆလို့မရနှိုင်ကြောင်းပါ။

"လွတ်လပ်မှုအတွက် ပေးဆပ်ကတ်ရရေ အဖိုးအခစွာ အမြဲတမ်း မြင့်မားပါရေ။ ယေကေလည်း အကျွန်ရို့ရေ ယင်းတန်ဖိုးတိကို ပေးဆပ်ဖို့ တခါချေလည်း ဝန်မလေးကတ်ပါ"

ရှိနယ်ရီဂိင်

## ဖေဖျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၄– အီရန်နိုင်ငံမြို့တော်တီဟီရန်တွင်ထောင်ပေါင်းများစွာသောပြည်သူများဆန္ဒပြကတ်ရာလုံခြုံရေးတပ်ဖွဲ့များနှင့်ထိပ်တိုက်တွေ့ပနာဖြို့ခွဲခံရသည်။

၁၄– အီဂျိနိုင်ငံတွင်ပြည်သူထောင်ပေါင်းများစွာရှိ့သည်ပိုမိုသင့်တင့်ကောင်းမွန်သောလုပ်ခလစာနှင့်လူနိန်မှုအဆင့်အတန်းများမြင့်တင်ပေးရန်ညဇာကနိုင်ငံအာဏာကိုထိန်ချုပ်လိုက်သည့်စစ်ဖက်အုပ်ချုပ်သူများထံတောင်းဆိုဆန္ဒပြကတ်သည်။

၁၄– ၂၀၁၂ခုနှစ်ထဲတွင်ချမှတ်သုံးစွဲလားမည့်နိုင်ငံ၏ ၇/သုံးဒွီစာရင်းဘက်ဂျက်အားအမေရီကန်သမ္မတ အိုဘားမားကအများပြည်သူသို့သျှင်းလင်းတင်ပြမှုပြုလုပ်သည်။

၁၄– ၂၀၁၀ခုနှစ်အတွက်အကောင်းဆုံးသီခြင်းဖျော်ဖြေမှု(ဂရမ်မီ)ဆုပေးပွဲတွင်ပေ့ါပ်အဆိုတော်လေဒီအမ်တီဘေလူမ် (Lady Antebellum) က၅ဆု၊လေဒီဂါဂါ (Lady Gaga) က ၃ ဆုနှင့်ရာ့ပ်အဆိုတော်ဂျေ–ဇီ (Jay-Z) က ၃ ဆုအသီသီးဖြင့်ဆုအများဆုံးရဟိလားကတ်သည်။

၁၅– ဒုတိယကမ္ဘာစစ်အတွင်းကအိုင်ဝိုဂျီမားကျွန်းတွင်ပျောက်ဆုံးနိန်သည့်ဂျပန်စစ်သား ၁၃၀၀၀ ခန့်အားပြန်လည်ရှာဖွီရေးလုပ်ငန်းများကိုတိုးမြှင့်လုပ်ဆောင်လားမည်ဖြစ်ကြောင်းဂျပန်ဝန်ကြီးချုပ်နောင်တိုကန်ကအေနိတွင်ပြောကြားလိုက်သည်။

၁၅– တရုတ်ပြည်၏ငွီကြီးဖေါင်းပွမှုနှုန်းသည်ပြီးခသည့်ဂျန်နျူဝါရီလအတွင်းတွင်၄.၉အထိဟိနိန်တုန်းဖြစ်ရာအစိုးရမှပိုမိုတင်းကျပ်သောနည်းလမ်းများဖြင့်ကိုင်တွယ်မည်ကိုငွီကြီးစျီးကွက်မှစိုးရိမ်နိန်ကတ်သည်။

၁၅– ကိုလံဘီယာရီတပ်သဖော်စုမှဘိန်းဖြူဂုတန်တင်ဆောင်ကာမက္ကဆီကိုသို့လားနိန်သည့်မူးယစ်ဂိုဏ်းပိုင်ရီငုပ်သဖော်တစင်းအားဖမ်းဆီးရမိလိုက်သည်။

၁၅– အာဏာသျှင်ဟော့စနီမူဘာရာ့ခ်ရာထူးမှနှုတ်ထွက်ပြီးနောက်တွင်အီဂျိသည် 'လမ်းကြောင်းမှန်'တခုထက်သို့ချဉ်းကပ်နိန်ဗျာယ်ဖြစ်ကြောင်းနှင့်အီရန်နိုင်ငံတွင်လည်းပြည်သူများအားလွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်များပေးသင့်ဗျာယ်ဖြစ်ကြောင်းအမေရီကန်သမ္မတအိုဘားမားကပြောဆိုလိုက်သည်။

၁၅– အီတလီဝန်ကြီးချုပ်စီဗီလိုဗာလိုစကိုနီသည်အသက်၁၈နှစ်မပြည့်သိသူဗီးဗီမတယောက်နှင့်လိင်ဆက်ဆံသည့်တရားမမှုအတွက်တရားရုံးတင်စစ်ဆေးခံရမည်ဖြစ်ကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြထားသည်။

၁၅– နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်ပုံစံသစ်ချမှတ်လုပ်ဆောင်မှုလုပ်ငန်းစဉ်သည်၁၀ရက်အတွင်းပြီးစီးလားဖို့ဖြစ်ကြောင်းအီဂျိနိုင်ငံ၏ယာယီစစ်အစိုးရမှထုတ်ဖေါ်ပြောဆိုသည်။

"အမေရီကန်သမိုင်းစာမျက်နှာထဲက အမေရီကန်သမ္မတတယောက် အနိန်နန့်အကျွန်အလုပ်ချင်ဆုံးအရာတခုကဇာလဲဆိုကေ အမေရီကန်တိကိုယ့်ကိုကိုယ်ယုံကြည်စိတ်အပြည့်အဝဟိရေလူတိဖြစ်လာရေးပါ"

"လန်းဆန်းသစ်လွင်ရေအစပျိုးမှုတခုကိုအကျွန်ရို့အတူတူလုပ်ဆောင်လားကတ်ပါမေ၊ ကိုယ်ကျင့်တရားနန့်ကိုယ်ကျင့်သီလ၏တန်ဖိုး၊ယင်းတန်ဖိုးတိကိုရှာဖွီကတ်ဖို့နန့်ထိမ်းသိမ်းကာကွယ်နိူင်ရေသတ္တိဟိကတ်ဖို့မျိုးဆက်သစ်တိကိုသင်ကြားလေ့ကျင့်၊ပြုစုပျိုးထောင်ပေးမှုတိနန့်အတူ အကျွန်ရို့၏လိုအပ်ချက်တိကိုဖြည့်ဆည်းလားကတ်ပါမေ"

ရှိနယ်ရီဂိင်

## မလေးသျှားမှာ ချစ်တတ်သူများသတိထားဖွယ်

ဖေဖေါ်ဝါရီလ၁၄ရက်နိတွင်ကျရောက်သည့်ကမ္ဘာ့ချစ်သူများနိ (Valentine's Day) အားမလေးသျှားနိုင်ငံတွင်လူငယ်စုံတွဲများမှကြိုဆိုကျင်းပကတ်ရာတွင်မလေးမူဆလင်ဘာသာဝင်လူငယ်စုံတွဲအချို့သည်ဆီလန်ဂေါ (Selangor) နှင့်ကွာလာလမ်ပေါ်(Kuala Lumpur) ဟိုတယ်ခန်းများကို ၂နာရီလျှင်ရိန်းဂိ၅၀ဖြင့်ငှါးပြီးတည်းခိုမှုပြုကတ်သည်ဟုဆိုပါသည်။ချစ်သူစုံတွဲများအနိန်ဖြင့်လက်မထပ်ခင်ယင်းကဲသို့ချိန်းတွိကတ်ခြင်းသည်မူဆလင်ထုံးတမ်းနှင့်ကိုက်ညီမှုမဟိဟုဆိုပြီးမလေးအာဏာပိုင်များကဟိုတယ်များကိုစီးနင်းရှာဖွီရာတွင်လူငယ်၈၀ကျော်ဖမ်းဆီးခံကတ်ရသည်ဟုဆိုပါသည်။ နိုင်ငံလူဦးရေ၂၈သန်းအနက်၃ပုံ၂ပုံနီးပါးမူဆလင်ဘာသာဝင်ဖြစ်သောမလေးသျှားတွင်ချစ်တတ်သူများသတိထားဖွယ်ပင်။ (ဘန်ကောက်ပို့စ်၊ ဘီဘီစီ ၊ ဖေ၁၅)



ချစ်သူများနိ (Valentine's Day) ကို ကြိုဆိုကတ်သောမလေးလူငယ်များ

# ဖေဖျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၅– ဂျပန်နှင့်အိန္ဒိယအာဏာပိုင်များသည်အဆိုပါနှစ်နိုင်ငံကြားလွတ်လပ်သောကုန်သွယ်ရေးမူဝါဒဆိုင်ရာစာချုပ်တရပ်ကိုအေနိတွင်လက်မှတ်ရှိးထိုးလိုက်ကတ်သည်။

၁၆– ဂျပန်နှင့်တောင်ကိုးရီးယားနိုင်ငံခြားရေးဝန်ကြီးများကမြောက်ကိုးရီးယား၏ယူရေနီယမ်စွမ်းအားသိုလှောင်လုပ်ဆောင်နိန်မှုများအပေါ်ထိရောက်သောအရေးယူမှုများပြုလုပ်ပါရန်ကမ္ဘာ့ကုလသမဂ္ဂသို့တိုက်တွန်းပြောဆိုလိုက်သည်။

၁၆– တောင်ကိုးရီးယားနိုင်ငံတွင်ထူထပ်သိပ်သည်းသောနှင်းကျပြီးနောက်ကုန်တိုက်တခုပြိုကျသဖြင့်လူ၇ယောက်သီဆုံးလားသည်။

၁၆– လိဗျား (Libya) နိုင်ငံဘန်ဂါဇီ (Benghazi) မြို့တွင်အစိုးရဆန့်ကျင်သည့်ဆန္ဒပြသမားများနှင့်အစိုးရ ထေ–ာက်ခံသည့် အုပ်စုများထိုက်တိုက်တွိကတ်သည်။

၁၆– အမေရိကန်ရီတပ်မှဖမ်းဆီးမိသည့်ဆိုမာလီဖိုင်းရိ(ဆိုမာလီပင်လယ်ဓါးမြ)တယောက်အားအမေရိကန် တရားရုံးတော်မှထောင်ဒဏ်၃၃နှစ်ကျခံစီရန်ပြစ်ဒဏ်ချမှတ်လိုက်သည်။

၁၇– ကမ္ဘောဒီးယားတွင်ထောင်ကျနိန်သည့်ခမာနီဂေါင်းဆောင်၃ယောက်သည်သူရို့ကျူးလွန်ခသည့်လူများကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအတွက်ပြစ်ဒဏ်ချမှတ်ခံရခါနီးတွင်ထောင်ထဲမှလွတ်မြောက်လိုကြောင်းအယူခံလွှာကိုကုလသမဂ္ဂနောက်ခံပြုထားသည့်စစ်ရာဇဝတ်မှုတရားရုံးမှပါယ်ချလိုက်သည်။

၁၇– အိန်ဂျိန်ပိုင်းမှအစိတ်အပိုင်းအချို့အပါအဝင်အခြားအာမခံရက်စွဲလွန်အစိတ်အပိုင်းများကြောင့်ဖြစ်ပေါ်ရသည့်ပြဿနာများကိုကာကွယ်နိုင်ရန်အလို့ငှါပြန်လည်ပြုပျင်ရေးအတွက်ဂျပန်စက်ဂါရိ(ကား)ကုမ္ပဏီကြီးတခုဖြစ်သည့်ဟွင်ဒါသည်၄င်း၏စက်ဂါရီအစီးပေါင်း၆၉၃၄၉၇ကိုပြန်လည်ပြုပျင်မှုပြုလုပ်လားမည်ဟုဆိုသည်။

၁၇– ကမ္ဘာ့လက်ဝှေ့ဆုပါဝါလ်တာဝိတ်တန်းချန်ပီယံဖိလိပိန်းနိုင်ငံသား မန်နီပါကွိုင်ယိုသည်စိန်ခေါ်သူဗြိတိန်လက်ဝှေ့သမားမက်သယူးဟက်တွန်နှင့်လာဖို့လတွင်ထိုးသတ်ကတ်မည်ဖြစ်သည်။

၁၇– ဘရာဇီးနိုင်ငံတွင်လူသတ်မှုတခု၌ပါဝင်ပါက်သက်မှုဖြင့်ပုလိပ်အရာဟိ၁၉ယောက်အဖမ်းခံရသည်။

၁၇– ဘာရိန်းနိုင်ငံတွင်အစိုးရဆန့်ကျင်ဆန္ဒပြမှုများကိုအာဏာပိုင်များမှအကြမ်းဖက်နှိမ်နင်းရာဆန္ဒပြသူ၃ယေါက်သီဆုံးပြီးအများအပြားဒဏ်ရာရလားကတ်သည်။

၁၇– အမေရိကန်သမ္မတဘာရာ့ခ်အိုဘားမားသည်လာမည့်မေလထဲတွင်ဗြိတိန်နိုင်ငံသို့လားရောက်လည်ပတ်မည်ဖြစ်ကြောင်းဘာကိန်ဟမ်နန်းတော်မှအတည်ပြုပြောဆိုသည်။

## ကမ္ဘာ့ကုန်းမြီဧရိယာ(တိုက်ကြီးများအလိုက်)အချိုးပြဇယား

| ဒေသ | စုစုပေါင်းဧရိယာ (စတုရန်းမိုင်) | စုစုပေါင်းဧရိယာ (စတုရန်းကီလိုမီတာ) | ရာခိုင်နှုန်း |
|---|---|---|---|
| ကမ္ဘာကြီး | ၅၇၃၀၈၇၃၈ | ၁၄၈၄၂၉၀၀၀ | ၁၀၀% |
| အာဖရိကတိုက် | ၁၁၆၀၈၁၅၆ | ၃၀၀၆၅၀၀၀ | ၂၀.၃% |
| အန္တာတိကတိုက် | ၅၄၀၄၀၀၀ | ၁၄၀၀၀၀၀၀ | ၉.၄% |
| အာသျှတိုက် | ၁၇၂၁၂၀၄၁ | ၄၄၅၇၉၀၀၀ | ၃၀% |
| သြစတြေးလျတိုက် | ၂၉၆၇၉၆၆ | ၇၆၈၇၀၀၀ | ၅.၂% |
| ဥရောပတိုက် | ၃၈၃၇၀၈၂ | ၉၉၃၈၀၀၀ | ၆.၇% |
| မြောက်အမေရိကတိုက် | ၉၃၆၅၂၉၀ | ၂၄၂၅၆၀၀၀ | ၈% |
| တောင်အမေရိကတိုက် | ၆၈၇၉၉၅၂ | ၁၇၈၁၉၀၀၀ | ၁၂% |



**Ronald Wilson Reagan**

(၄၀ ယောက်မြောက်အမေရိကန်သမ္မတ)

**မွီးနိ**။ ။ ဖေဖျူဝါရီ ၆၊ ၁၉၁၁။

**ဘဝသက်တမ်း**။ ။ ၁၉၁၁–၂၀၀၄။

**မွီးရပ်**။ ။ ထမ်ပီကို၊ အီလီနွိုက်ပြည်နယ်။

**အမိ**။ ။ နယ်လီခလိုင်ဒီဝီလ်ဆင်ရီဂင်။

**အဖ**။ ။ ဂျွင်အက်ဒွါ့ရီဂင်။

**မယား**။ ။ ဂျိန်းဝိုင်မန်း(ပထမမယား)၊ နန်စီဒေဝိ(ဒုတိယမယား)။

**သားသမီးများ**။ ။ မော်ရိန်း (ပထမမယားနှင့်)၊မိုက်ခယ်(မွီးဇါပ်သား)၊ ဖါထရီကာ၊ ရိုနယ် (ဒုတိယမယားနှင့်)။

**နာမည်ပြောင်**။ ။ ဒွါ့တ်ချ် (Dutch)

**ကောလိပ်/တက္ကသိုလ်**။ ။ ယူရီကာ (Eureka) ကောလိပ်။

**အသက်မွီးအလုပ်အကိုင်**။ ။ ရေဒီယိုသတင်းကြော်ငြာသူ၊ တီဗွီနှင့်ရုပ်ရှင်သရုပ်ဆောင်။

**နိုင်ငံရေးလုပ်သက်**။ ။ ခယ်လီဖေါနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး၊ သမ္မတ။

**ပါတီ**။ ။ ရီဖါဗလီကိန် (၁၉၆၂ထိ ဒီမိုခရက်ထိပါတီဝင်ဖြစ်ခသည်။)

**ဒေသခံပြည်နယ်**။ ။ ခယ်လီဖေါနီးယား။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ**။ ။ ဂျိမ်မီကာတာ၊ ဂျွင်နိအန်ဒါဆိန်၊ ဝါလ်တာမွင်ဒဲလ်။

**သမ္မတသက်တမ်း**။ ။ Jan 20, 1981 မှ Jan 20, 1989 ထိ။

**ဒုတိယသမ္မတ**။ ။ ဂျော့ချ်ဘုချ် (George Bush)။

## သိထားသင့်သော အင်္ဂလိပ်ဘာသာအတိုကောက်များ

*(အယင်လမှအဆက်)*

**B.S., B.Sc. – *Bachelor of Science***

သိပ္ပံဘွဲ့။

**cap. – *capital***

မြို့တော်။

**capt – *captain***

သင်္ဘောစသည် မာလိန်မှူး။

**CBC – *Canadian Broadcasting Corporation***

ခယ်နေဒါအသံလွှင့်ကော်ပိုရေးသျှန်း။

**CBS – *Columbia Broadcasting System***

ကိုလံဘီယာအသံလွှင့်စနစ်။

**chap – *chapter***

အခန်း (စာအုပ်ထဲတွင်)။

**CO – *Commanding Officer***

အမိန့်ပေးပိုင်ခွင့်ဟိသူအရာဟိ။

**co. – *company; county***

ကုမ္ပဏီ၊ ခရိုင်။

**c/o. – *care of***

တဆင့် (စာရှီးဆက်သွယ်သည့်လိပ်စာများတပ်ရာတွင်အသုံးများပါသည်။)

**Col – *Colonel***

ဗိုလ်မှူးကြီး။

**col. – *college; column***

ကောလိပ်၊

ကော်လံ (သတင်းစာစသည်တွင်)။

***ဆက်လက်ဖော်ပြလားပါမည်။***

# မြေပုံကြည့်ယက်ပင်းသတင်းဖတ်

၁၉– လိဗျားနိုင်ငံ၏ဒုတိယမြို့တော်ဘန်ဂါဇီတွင်အစိုးရဆန့်ကျင် ရေးဆန္ဒပြသမားများအားစစ်တပ်မှစက်သေနတ်များနှင့်ပစ်ခတ် လိုက်ကြောင်းမျက်မြင်သက်သီများမှပြောဆိုသည်။

၂၀– အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများ၏အသျှိန်အဟုန်မြင့်မားလာသည်နှင့်အမျှလိဗျားဂေါင်းဆောင်ဂဒါဖီ၏ သားသည်မိမိရို့ နိုင်ငံတွင်ပြည်တွင်းစစ်ဖြစ်ပွါးလားနိူင်ကြောင်းရုပ်မြင်သံကြားမှ တဆင့်သတိပီးပြောဆိုလိုက်သည်။

၂၂– လိဗျားတွင်ဆန္ဒပြမှုများပြင်းပြင်းထန်ထန်ဖြစ်ပေါ်နိန်သော်လည်း ဂဒါဖီသည်ရာထူးလက်မလွှတ်ကြောင်းနိုင်ငံပိုင်ရုပ်မြင်သံကြားမှတဆင့်ပြောဆိုလိုက်သည်။

၂၄– သူ့တိုင်းပြည်၌မငြိမ်မသက်ဖြစ်မှုများအတွက်အိုဆာမာဘိန် လေဒိန်တွင်တာဝန်ဟိကြောင်းဂဒါဖီကပြောဆိုလိုက်သည်။

၂၆– လိဗျားနိုင်ငံတွင်ငြိမ်းချမ်းစွာဆန္ဒပြသူများအားဂဒါဖီစစ်တပ်မှပစ်ခတ်သတ်ဖြတ်ကာအကြမ်းဖက်ကိုင်တွယ်မှုအပေါ်ဆန့်ကျင်အရေးယူမည့်အဆိုကိုကမ္ဘာ့ကုလသမဂ္ဂတွင်မဲခွဲဆုံးဖြတ်ရာကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ၁၅–၀ဖြင့်အတည်ပြုလိုက်သည်။

၂၇– ဂျီနီဗာတွင်တွိဆုံသည့်ကမ္ဘာအနှံ့တိုင်းပြည်များမှနိုင်ငံခြားရေး ဝန်ကြီးများကလိဗျားဂေါင်းဆောင်ဂဒါဖီအားရာထူးမှဆင်းပီးရန် တောင်းဆိုလိုက်သည်။

၂၈– လိဗျားနိုင်ငံအရှိပိုင်းတွင်ဂျက်စစ်လီယဉ်ပျံတစီးမှဗုံးကြဲတိုက်ခိုက်မှုဖြစ်ပွါးပြီးမတည်ငြိမ်မှုများအသျှိန်အဟုန်နှင့်ဆက်လက်လက်ပြင်းထန်နိန်တုန်းဖြစ်ပါသည်။






၂၄– အမေရိကန်အာကာသဒုံးပျံယဉ်(Discovery)ဒေ့စ်ခါဗရီသည်နှစ်ပေါင်း၃၀ခန့်အာကာသတာဝန်များကိုထမ်းဆောင်ပြီးနောက်အေနိတွင်အဆိုပါဒုံးပျံယဉ်၏နောက်ဆုံးခရီးစဉ်အဖြစ်ဖလော်ရီဒါပြည်နယ်၊(Kennedy)ခယ်နေဒီဒုံးပျံပစ်စင်မှတဆင့်အာကာသထဲသို့ထွက်ခွါလားသည်။

## မဟာတံတိုင်းကြီး



**ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်ထဲတွင်တခုအပါအဝင်ဖြစ်ပြီးမိုင်ပေါင်း၄၀၀၀(ခီလိုမီတာ ၆၄၀၀ခန့်)ရှည်လျှားသည့်မဟာတံတိုင်းကြီးကိုတရုတ်ပြည်၊ကွိန်မင်းဆက်မှသျှီဟွင်ဒီ (Shi Huangdi) ဘုရင်လက်ထက်တွင်အိမ်နားပါးချင်းတိုင်းပြည်များ(အထူးသဖြင့်မွန်ဂိုများ)၏ကျူးကျော်တိုက်ခိုက်မှုကိုကာကွယ်ရန်ရည်ရွယ်ချက်ဖြင့်ကွိန်မင်းဆက်အာဏာရသည့်(ဘီစီ၆၈၅မှ၂၂၁ထိ)နှစ်များအတွင်းတွင်စတင်တည်ထောင်ခခြင်းဖြစ်ပါသည်။ကွိန်မင်းဆက်အပြီးတွင်နန်းတက်လာသည့်ဟန်မင်းဆက်(ဘီစီ၂၀၂မှအေဒီ၂၂၀)တရုတ်ဘုရင်များသည်လည်းမဟာတံတိုင်းကြီးကိုဆက်လက်ထိမ်းသိမ်း၍တည်ထောင်ခကတ်ပါသည်။နောက်ပိုင်းတွင်တံတိုင်းကြီးအားဆက်လက်တည်ထောင်ခသူများမှာမိန်မင်းဆက်(၁၃၆၈–၁၆၄၄)မှမင်းများဖြစ်ကတ်ပြီးတံတိုင်းကြီး၏အမြင့်မှာပေ၂၀မှ၅၀(၆မီတာမှ၁၅မီတာအထိ)အတွင်းနှင့်အကျယ်မှာ၁၃ပေမှ၄၀ပေ(၄မီတာမှ၁၂မီတာ)အတွင်းတွင်ဟိသည်။**

***(The New Book of Knowledge/2005)***

*(မျက်နှာဖုံးဆောင်းပါးမှ)*

များစွာရှိ့ပါးသို့တခါတည်းရောက်လားရေလူထုဆက်သွယ်ရေးကွန်ယက်အိန်တာနက်စာမျက်နှာတိ၊လက်ကိုင်ဖုန်းချေတိကနိန်တဆင့်ပီးပို့ကတ်တေသတင်းအချက်အလက်တိနန့်အချင်းချင်းအဆက်အသွယ်လုပ်ဗျာယ် လူသန်းပေါင်းများစွာပါဝင်ရေလူထုတော်လှန်ရေးကိုဆောင်ရွက်လားကတ်စွာဖြစ်ပါရေ။အထူးသဖြင့်အိန်တာနက်မျိုးဆက်သစ်လူငယ်တိရေအိန်တာနက်အခြိပြုဆက်သွယ်ဆောင်ရွက်မှုတိကိုလုပ်ပနာလူထုတော်လှန်ရေးကိုလုပ်ဆောင်လားကတ်စွာပါ။

အာရပ်ကမ္ဘာတလွှားကလူဦးရေအချိုးအစားများအရအသက်၃၀နန့်အောက်လူငယ်အင်အားစုရေဒေသလူဦးရေအားလုံး၏၆၀ရာနှုန်းဟိပါရေ။ (အမေရိကန်မှာ၄၁ရာနှုန်းဟိပါရေ။) ယေဖူးနန့်အာရပ်ဒေသရေကမ္ဘာမှာအသက်၃၀အောက်လူငယ်အများဆုံးဒေသဖြစ်ပါရေ။ဆက်စပ်ပြီးကေနောက်ထပ်စိတ်ဝင်စားစရာကိစ္စတခုက ၁၉၇၀ကနိန်၂၀၀၇ခုနှစ်အတွင်းမှာနိုင်ငံတွင်းပြုပြင်ပြောင်းလဲမှုအများဆုံးဖြစ်တေနိုင်ငံအားလုံး၏၈၀ရာနှုန်းကျော်မှာလူဦးရေအများစုကအသက်၃၀နန့်အောက်လို့ဆိုပါရေ။သူရို့မိ၊ဖ၊အဖိုး၊အဘောင်ရို့နှစ်ပေါင်းသုံး–လေးဆယ်လောက်ကြာအောင်လားယူရဖို့ခရီးခဲမျိုးကိုအေဂုဒေလူငယ်ချေတိ၂လအတွင်းမှာရောက်အောင်လားပလိုက်ကတ်စွာပါ။အေလူထုတော်လှန်ရေးကြောင့်တူနီးသျှား(Tunisia)နိုင်ငံမှာနှစ်ပေါင်း၂၃နှစ်ကြာအုပ်ချုပ်မင်းမူနိန်ရေအာဏာသျှင်ဇိန်အယ်အဘီဒိန်ဘန်အလီ(Zine el Abidine Ben Ali)နိုင်ငံထဲကထွက်ပြီးလားခရပါရေ။သူ့အယင်သမ္မတအန်ဝါဆဒတ်လုပ်ကြံခံရချိန်မှာဒုသမ္မတအဖြစ်ကနိန်၊သမ္မတဖြစ်ပါလတ်ပနာနှစ်ပေါင်း၃၀ကြာတကိုယ်တော်အာဏာသျှင်လုပ်နိန်ရေအီဂျိ(Egypt)သမ္မတဟော့စနီမူဘာရာ့ခ်(Hosni Mubarak) ရာထူးကဆင်းပီးလားရပါရေ။

ယင်းပိုင်မျိုးလူထုလွှတ်မြောက်ရေးတိုက်ပွဲတိကိုသန်းပေါင်းများစွာသောပြည်သူလူထုရို့ကမြို့ကြီး၊မြို့ငယ်လမ်းမကြီးတိထက်မှာအော်ဟစ်ချီတက်ဗျာယ်မညောင်းနှိုင်၊မရိနှိုင်၊မကြောက်မရွံ့ပဲ၊အကြမ်းမဖက်ပဲအနုနည်းနန့်တိုက်ပွဲဝင်လာကတ်တေမြင်ကွင်းတိကိုယင်းဒေသတလွှားကအကြွင်းမဲ့အာဏာသျှင်တိ၊ဘုရင်တိရေသူရို့၏ရဲတိုက်၊စံအိမ်တိထဲကနိန်ကြကြောက်ရရွံ့နန့်စောင့်ကြည့်နိန်ကတ်စွာပါ။ ဆိုရေခါ ‘သူပြီးကေငါ့အလှည့်’မဖြစ်ရအောင်တချို့နိုင်ငံတိမှာဆိုကေနိုင်ငံအုပ်ချုပ်သူတိကပြည်သူတိကို(mass bribery)‘အစုလိုက်အပြုံလိုက်ခေါက်ဆွဲကျွေးခြင်း’ တိကိုတောင်လုပ်နိန်ကတ်ရပါရေ။ဥပမာအားဖြင့်ကူဝိတ်နိုင်ငံမှာသူ့နိုင်ငံသားတိကိုအမေရိကန်ဒေါ်လာ၃၀၀၀စီကိုလည်းကောင်း၊ဘာရိန်းနိုင်ငံမှာနိုင်ငံသားတိကိုအမေရိကန်ဒေါ်လာ၂၇၀၀စီကိုလည်းကောင်းဆုကြီးငွေပီးရေအခြေအနေမှာဟိပါရေ။

အီဂျိတက္ကသိုလ်ကျောင်းသားတယောက်ဖြစ်တေခါလက်အာမဲက ‘တိုင်းပြည်ကိုမယ်သယ်သူအုပ်ချုပ်တေဆိုစွာတခုလည်းအကြောင်းမဟုတ်ပါ၊အကြောင်းကဇာလဲဆိုကေယင်းအုပ်ချုပ်တေပုဂ္ဂိုလ်ကိုအကျွန်ရို့ပြည်သူတိအနိန်နန့်မလိုချင်ဗျာယ်၊မသင့်တော်ဗျာယ်လို့ယုံကြည်ဖြစ်တေအခြေအနေတရပ်မှာယင်းအုပ်ချုပ်သူအုပ်စုချေကိုတိုင်းပြည်အာဏာပိုင်တိအဖြစ်ကနိန်ဖယ်သျှားပစ်နှိုင်ရေစွမ်းအင်အကျွန်ရို့လက်ထဲမှာဟိနိန်ကေအကျွန်ရို့အားလုံးလူဖြစ်ရကျိုး၊အုပ်ချုပ်ခံရကျိုးနပ်ပါဗျာယ်” ဆိုပြီးကေဒီမိုခရေစီ၏အဓိကကျရေတန်ဖိုးတရပ်ကိုလည်းပြောပြပါယင့်။ နိုင်းဖြစ်ဝှမ်းရှာကြီးတရှာကဇဝီယာ့ဂါဇါဆိုရေလူငယ်ချေတယောက်ကတော့ကေသမ္မတမူဘာရာ့လက်ထက်မှာသေနတ်ကိုတရားဝင်ကိုင်ခွင့်ရရေအတွက်တရားဝင်အာဏာသူ့လက်ထဲမှာဟိနိန်ရေပုလိပ်သားအချို့၏ပြုမူဆက်ဆံပုံကိုလည်းအေသျှောင်ပြောပြပါယင့်–“တခါကအကျွန်ရထားထက်ကလူးကျပါရေ။ရထားသံလမ်းထက်မှာလဲကျနိန်ရေအကျွန့်ပါးကိုပုလိပ်ကပြီးပါလာပြီးကေအကျွန့်ကိုဆွဲထူ၊ကူမဖို့အစားဖိပနာသတ်ပါရေ။ဇာဖြစ်လို့သတ်တေလဲဆိုရေခါ–အကျွန်ရေလဲလျှောင်းမနိန်သင့်ရေနေရာမှာလဲလျှောင်းနိန်လို့ပါလှုတ်”။ ကုန်ခရေနွီရာသီအတွင်းအလက်ဇန်းဒြီးယားမြို့ကခါလက်ဆိုရေကုန်သည်ပေါက်စချေတယောက်ရေအီဂျိပုလိပ်တိသတ်ပလိုက်လို့သီဆုံးလားခပါရေ။ယင်းအဖြစ်အပျက်ကိုအခြေခံပြီးကေဖဲ့စ်ဘုတ်(Facebook)ထဲမှာနာမည်မဖော်ချင်ရေပုဂ္ဂိုလ်တယောက်က “အကျွန်ရို့အားလုံးစွာ ‘ခါလက်’ တိဂျေးပါယာ”ဆိုပြီးကေတောင်ပို့စ်(Post)တခုလုပ်ထားရေလို့ဆိုပါရေ။

ယင်းပိုင်သျှောင်မျိုးအခြေအနေအရပ်ရပ်တိကြောင့်အေဂုဖြစ်ပွါးနိန်ရေအာရပ်ကမ္ဘာကလူထုတော်လှန်ရေးလှုပ်သျှားမှုပုံစံရေတခြားနေရာတိကမည်သည့်တော်လှန်ရေးမျိုးကိုမှမိတ္တူကူးချစွာမျိုးမဟုတ်ပဲမျိုးဆက်နန့်ချီပြီးကေဖိနှိပ်ညှင်းပမ်းခံရမှုပေါင်းများစွာတိကြောင့်သဘာဝအလျှောက်ထွက်ပေါ်လာရေရလဒ်ဖြစ်တေလို့သုံးသပ်ကတ်ပါရေ။နိုင်ငံရေးဆိုင်ရာ၊စီးပွါးရေးဆိုင်ရာ၊လူမှုရေးဆိုင်ရာ၊ပညာသင်ကြားလေ့လာမှုဆိုင်ရာတိမှာစနစ်တကျနန့်ကန့်သတ်ခံထားစွာမျိုးတိ၊နေရာတိုင်းမှာပုလိပ်နန့်ထောက်လှမ်းရေးတိပြည့်နှက်နိန်ဗျာယ်လူထုကိုတခုပိုင်လည်းလှုပ်လို့မရအောင်လုပ်ထားစွာမျိုးတိ၊လွတ်လွတ်လပ်လပ်ထုတ်ဖေါ်ပြောဆိုခွင့်၊ရှီးသားထုတ်ဝီခွင့်တိတခုချေလည်းမဟိရေအခြေအနေမျိုးတိကြောင့်ပြည်သူလူထုရေနောက်ဆုံးမှာ ‘နွားကုန်ကျားမကြောက်’ တတ်တေသဘာဝတွန်းအားတိနန့်အတူလက်ချေနှစ်ချောင်းထောင်ဗျာယ်လမ်းမကြီးတိထက်ကိုတက်လာကတ်စွာဖြစ်ပါရေ။

အမေရိကန်ပြည်ထောင်စုအနေနန့်ကတော့ကော၁၉၉၁ခုနှစ်ကနိန်၂၀၁၁ခုနှစ်ထိဆယ်စုနှစ်တာကာလအတွင်း၊အာရပ်ကမ္ဘာမှာဒီမိုကရေစီပြန့်ပွါးဖို့အတွက်သုံးစွဲငွီအမေရိကန်ဒေါ်လာသန်းပေါင်း၂၅၀လောက်ဟိရေလို့ဆိုပါရေ။တခြားတိနန့်နှိုင်းစာဖို့ဆိုကေယင်းသုံးစွဲငွီပမာဏရေကကောင်းနည်းနိန်ပြီးကေအာရပ်ကမ္ဘာကပြည်သူတိအတွက်အကြောင်းအမျိုးမျိုးကြောင့်အမေရိကန်ပြည်ထောင်စုနန့်ဒါရိုက်ဆက်သွယ်ဆောင်ရွက်ဖို့အပိုင်းမှာအခက်အခဲတိအများကြီးဟိရေလို့သုံးသပ်ပြောဆိုမှုတိလည်းဟိကတ်ပါရေ။“ငါရို့လိုချင်စွာကိုငါရို့ရအောင်လုပ်ဖို့အတွက်အမေရိကန်အကူအညီကိုငါရို့မလို၊ငါရို့လိုချင်စွာကိုငါရို့စွမ်းအားတိ၊ပီးဆပ်မှုတိနန့်အတူငါရို့ကိုယ်တိုင်ရအောင်ယူပြလိုက်ပြီးဗျာယ်ယေ”လို့အီဂျိပြည်သူတယောက်က လက်ဟိအခြေအနေကိုထင်ဟပ်တေစကားဆိုပါရေ။ ဟုတ်ပါရေ။ အကျွန်ရို့အားလုံး၏ပြုပြင်ပြောင်းလဲမှုတိအတွက်ဖြစ်မှုပျက်မှုအားလုံးအတွက်အဓိကအခရာကျစွါရေအကျွန်ရို့တိကိုယ်တိုင်

**(စာမျက်နှာ ၁၅ သို့)**

# စောပြည့်ညိုရခိုင်စာအုပ်စင်

*(ရခိုင်အကြောင်းကိုအပြည့်အစုံ(သို့မဟုတ်)တစိတစောင်း ဖေါ်ပြရှီးသားထားရေစာအုပ်တိရေကမ္ဘာ့ဘာသာအသီးသီးထဲမှာအများကြီးဟိနီန်ကြောင်းသုတေသနပြုချက်တိအရ သိဟိရပါရေ။ အကျွန်ရို့၏'စောပြည့်ညိုရခိုင်စာအုပ်စင်' ကဏ္ဍရေယင်းစာအုပ်တိကိုရှာဖွီပနာရခိုင်စာဖတ်ပရိတ်သတ်နန့်(တလမှာတအုပ်စီ)မိတ်ဆက်ပီးလားဖို့ဆိုရေရည်ရွယ်ချက်နန့်စီစဥ်တင်ပြ ထားခြင်းဖြစ်ပါရေ။)*




**စာအုပ်နာမည်။** ။ The Land of the Great Image

**စာရှီးသူ။** ။ Maurice Collis

**ထုတ်ဝီသူ။** ။ New Directions Publishing Corporation

**စာအုပ်တန်ဖိုး။** ။ ၂၀ ဒေါ်လာဝန်းကျင်တွင်ဟိပါသည်။

၁၇ရာစုအဦးပိုင်း(ခရစ်သက္ကရာဇ်၁၆၀၀ကျော်အစောပိုင်းကာလ)တွင်ပေါ်တူဂီသာသနာပြုဖုန်းကြီးတပါးဖြစ်သူမောရစ်ကောလိစ်(Maurice Collis)သည်ရခိုင်ဘုရင့်နိုင်ငံ၏မြောက်ဦးရွှီနန်းသို့သာသနာပြုရန်ရောက်ဟိလာပါသည်။ သူ၏ရခိုင်ပြည်တွင်နိန်ထိုင်စဥ်ကအတွိအကြုံများကိုစပိန်ဘာသာဖြင့်ရှီးသားခသည်ကိုအင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသောစာအုပ်ဖြစ်ပါသည်။ရခိုင်ပြည်မှဆင်ဖြူတော်အစ၊ဘုရင်သီရိသုဓမ္မရာဇာအဘိသိက်သွန်းခြင်းများအထိပါဝင်ပါသည်။(စာမျက်နှာ၂၅၉မျက်နှာဟိပါသည်။)အတိတ်ကကိုယ့်ထီးကိုယ့်နန်းနန့်ကိုယ့်တိုင်းပြည်ကိုပြန်ပနာတခေါက်အလည်ရောက်ချင်ကတ်သည့်ရခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့ဝယ်ယူ၊ဖတ်ရှု၊သိမ်းဆည်းထားသင့်သောစာအုပ်တအုပ်ဖြစ်မည်ဟုယူဆပါသည်။

***မှတ်ချက်။** ။ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့အနီန်ဖြင့်တဆင့်ဝယ်ယူပီးစီလိုပါကအေစာစဥ်အယ်ဒီတာသို့ဖုန်းဖြင့်ဖြစ်စီ၊စာဖြင့်ဖြစ်စီ၊အီးမဲလ်ဖြင့်ဖြစ်စီအသေးစိတ်ကိုမိန်းမြန်းဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။*

## *စာစဥ်မှာယူလိုလျှင်*

အေသတင်းစဥ်ဝယ်ယူအားပီးချင်သူများအနီန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဥ်ဖြန့်ချီရေးမှူးများမှတဆင့်ဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃-၄၁၄-၂၈၁၃

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ *၅၁၅-၃၂၆-၄၆၂၂*

ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)

☎ ၄၁၂-၄၀၃-၇၈၂၂

*ကို ရန်အောင် (ဘာဖဲလို)*

☎ *၇၁၆-၂၃၅-၇၀၉၂*

ဂိုးချေ (ယူတား)

☎ ၈၀၁-၅၁၂-၁၀၃၆

*ကို စောသိန်းမောင် (ချီကာဂို*

☎ *၆၃၀-၇၄၉-၈၀၈၃*





**'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဥ်'ဝယ်ယူအားပီးသူများ၊ကူညီဖြန့်ချီပီးသူများနှင့်ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးအပေါင်းအားအထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။**

**Sources:** (သတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

Time Magazine

Oxford Essential Biographical Dictionary

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

# အပြန်အလှန်အသိအမှတ်ပြုခြင်းဟူသည် .....

အကျွန်ုအထက်တန်းကျောင်းမှာသင်္ချာပြဆရာမလုပ်နိုန်ခါကပါ။ နိစဉ်နန့်အမျှသင်္ချာချိန်တိမှာဂဏန်းတိ၊ပေါင်း၊နှုတ်၊မြှောက်၊စားတိနန့်ကျင်ကိုင်နိန်ကတ်ရရေခါကြာလာကေကျောင်းသားတိကလည်းငြီးလာရေ၊အကျွန်ုကိုယ်တိုင်လည်းခပျင်းပျင်းချေဖြစ်လာပါရေလေ။ ယေခါတရက်နိမှာအကျွန်ုရို့တိ၏ပျင်းရိ၊လီးလံနိန်ရေစိတ်တိကိုဖြိဖျောက်ဖို့ရည်ရွယ်ပနာအပျင်းပြေအစီအစဉ်ချေတခုကိုအကျွန်ုလုပ်ပါရေ။ယင်းအစီအစဉ်အရအကျွန်ုကသူရို့တိ(ကျောင်းသားကျောင်းသူတိ)ကိုသင်္ချာတွက်တေစာအုပ်ထဲကစာရွက်တယောက်တရွက်စီဆုတ်ယူပြီးကေအတန်းထဲကအတန်းဖေါ်တိ၏နာမည်တိကိုနာမည်တခုနန့်တခုကြားမှာမျဉ်း၃–၄ကြောင်းလောက်စီခြားပနာရွီးချပါလို့ပြောလိုက်ပါရေ။

ကျောင်းသားကျောင်းသူအားလုံး သူရို့စာရွက်တိထဲမှာအတန်းဖေါ်ရို့၏နာမည်တိကိုတနာမည်နန့်တနာမည်မျဉ်း၃–၄ကြောင်းလောက်စီခြားပနာရွီးပြီးကတ်တေခါအကျွန်ုကယင်းအတန်းဖေါ်နာမည်တခုချင်းစီ၏အောက်မှာယင်းနာမည်ပိုင်သျှင်အတန်းဖေါ်၏အကောင်းဆုံးတိ(နှစ်သက်စရာချေတိ၊ဂုဏ်ယူစရာတိ၊အောင်မြင်မှုတိအစဟိသည်)ကိုရွီးချခိုင်းပါရေ။တနာရီလောက်အကြာမှာအတန်းသားအားလုံးရေကျန်ရေအတန်းဖေါ်အားလုံးရို့၏အကောင်းဆုံးတိကိုရွီးလို့ပြီးလားကတ်ပါရေ။အတန်းချိန်အပြီးမှာအကျွန်ုရေယင်းစာရွက်တိအားလုံးကိုသိမ်းယူခပနာစနီ၊တနင်္ဂနွေနိတိမှာယင်းနာမည်တခုချင်းစီကိုကတ်ကျစ်နန့်ကိုက်ထုတ်ပါရေ။ယေပြီးကေနာမည်တခုချင်းစီကိုလိုက်စုဗျာယ်အခြားစာရွက်ကြီးတရွက်မှာတန်းစီပနာကပ်ထားလိုက်ပါရေ။ ယင်းစနီ၊တနင်္ဂနွေနှစ်ရက်လုံးမှာအကျွန်ုရေယင်းကိစ္စနန့်အလုပ်ယှုပ်လားပါယင့်။ယေကေလည်းအကျွန်ုပျော်ပါရေ။ဇာဖြစ်လို့လဲဆိုကေအကျွန်ု့ကျောင်းသားကျောင်းသူချေတယောက်ချင်းစီအတွက်သူရို့တိ၏အခြားအတန်းဖေါ်တိကသူ့အပေါ်အကောင်းဆုံးလို့ယူဆ၊ယုံကြည်ဖြစ်တေအရာတိအားလုံးကိုသီးခြားစာရင်းပြုစုပြီးသားဖြစ်နိန်ဗျာယ်မဟုတ်ပါလား။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆




တနင်္လာနိကျောင်းပြန်ဖွင့်လို့သင်္ချာချိန်ရောက်တေခါအကျွန်ုဖြတ်၊ညှပ်၊ကပ်လုပ်ထားရေစာရွက်တိကိုနာမည်တခုချင်းအလိုက်အကျွန်ု့တပည့်ချေတိကိုသူ့နာမည်နန့်သူဖြန့်ဝီပီးလိုက်ပါရေ။ခါတိုင်းခါဆိုကေသူရို့တိအချင်းချင်းငြင်းကတ်၊ခုံကတ်၊စကားများကတ်၊ဆွေးနွေးကတ်နန့်အတိုင်းအတာတခုထိဆူဆူညံညံဖြစ်နိန်တတ်တေအကျွန်ု့ကျောင်းသားကျောင်းသူချေတိရေယင်းနိခါတတန်းလုံးခါတိုင်းနန့်မတူ၊တိန်းတိန်းဆိတ်ဆိတ်ဖြစ်လားစွာကိုအကျွန်ုကေါင်းကေါင်းသတိပြုမိလိုက်ပါရေ။ဇာဖြစ်လို့လဲဆိုကေသူရို့တယောက်ချင်းစီနန့်ပါက်သက်လို့အခြားအတန်းဖေါ်တိကယူဆ၊ယုံကြည်ဖြစ်တေအကောင်းဆုံး၊အမွန်ဆုံး၊အထက်ဆုံး၊အတော်ဆုံးချေတိကိုအမှတ်ထင်ထင်ဖတ်နိန်ကတ်ရလို့ပါ။

ယင်းသျှောင်တတိန်းဆဆိတ်နန့်ကိုယ့်အကောင်းဆုံး၊အမွန်ဆုံးတိကိုကိုယ်ဖတ်နိန်ကတ်ယက်ပင်း၁၅မနိလောက်အကြာမှာကျောင်းသားတယောက်က *“အား– ငါကိုယ်တိုင်တောင်အေပိုင်မျိုးတခါလည်းမစဉ်းစားမိထော”* ဆိုရေအာမေဋ္ဌိတ်သံနန့်တအံ့တသြပြောလာပါရေ။ *“အမိယေ–––ငါ––ယင်းလောက်ထိတောင်လား”* လို့ရယ်ရယ်မောမောနန့်နောက်ကျောင်းသားတယောက်ကဆိုပါရေ။ *“အမှန်မှာအကျွန်ုယင်းလောက်ထိမတော်ပါဂါ”*ဆိုပြီးကေကျောင်းသူတယောက်ကဆိုလာပြန်ပါရေ။ယင်းပိုင်နန့်ပင်သူရို့အားလုံးပျော်တပြုံးပြုံးနန့်ယင်းအတန်းချိန်မှာသင်္ချာတွက်ရစွာ၊ဆွေးနွေးရစွာရေပျော်စရာအတိနန့်ပြီးဆုံးဖြစ်လားပါရေ။အပျင်းပြေသဖေါ်နန့်မထင်မှတ်ပဲလုပ်လိုက်မိရေယင်းအစီအစဉ်ချေ၏နက်သျှိုင်းရေနောက်ဆက်တွဲတခုအတန်းထဲမှာဘဇောင်ဖြစ်တေထင်ပါရောင်။ယင်းနိကပင်စလို့နောက်ရက်တိမှာအတန်းကိုအကျွန်ုအော်ဖို့၊ငေါက်ဖို့၊ဆုံးမဖို့မလိုသလောက်ဖြစ်လားပါရေ။သူရို့အားလုံးရေတယောက်နန့်တယောက်ပိုလို့ချစ်လာ၊ခင်လာကတ်ပါရေ။တယောက်နန့်တယောက်စကားမပြောပဲနိန်ကတ်တေအယင်ကရန်ဖက်တိရေတယောက်လိုင်ဖင်းကိုတယောက်ဖက်ဗျာယ်ထမင်းခွဲကျွေးဖက်သူငယ်ချင်းတိဖြစ်လာကတ်ပါရေ။အယင်ပိုင်ဆူဆူပွက်ပွက်နန့်စကားများကတ်စွာလည်းကကောင်းနည်းလားပါရေ။ဇာဖြစ်လို့လဲဆိုကေသူရို့တယောက်ချင်းစီရေသူ့အပေါ်မှာတခြားအတန်းဖေါ်တိကမှတ်ချက်ချရေ **“အကောင်းဆုံး၊အမွန်ဆုံး–စံ”** တန်ဖိုးတိကိုဆက်လက်ထိမ်းသိမ်းလိုရေစိတ်ဆန္ဒသူရို့အားလုံး၏အသိစိတ်နန့်မသိစိတ်နှစ်ခုလုံးမှာကိန်းဝပ်လားကတ်လို့ဖြစ်ပါရေ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

ယင်းကာလတိကိုလွန်မြောက်လို့နောက်ထပ်နှစ်ပေါင်း၃၀ကျော်လောက်အကြာမှာအကျွန်ုတောင်အသက်ကြီးလာလို့ကျောင်းဆရာမအလုပ်ကအငြိမ်းစားယူလိုက်ပြီးပါဗျာယ်။ယင်းအထက်တန်းကျောင်းကအကျွန်ု့တပည့်ချေတိလည်းဆရာဝန်ဖြစ်လူဖြစ်၊အိန်ဂျိန်နီယာဖြစ်လူဖြစ်၊စစ်ဗိုလ်ဖြစ်လူဖြစ်၊ကျောင်းဆရာ၊ဆရာမတိဖြစ်လူဖြစ်နန့်ကိုယ့်အိုးကိုယ့်အိမ်အသီးသီးနန့်ဖြစ်လားကတ်ပါဗျာယ်။ ယင်းပိုင်နန့်ပင်တရက်နိမှာမထင်မှတ်တေအသုဘဖိတ်စာတစောင်အကျွန်ု့ပါးကိုရောက်လာပါရေ။အကျွန်ုသင်္ချာပြဖူးခရေအကျွန်ု့အတန်းထဲကကျောင်းသားဟောင်းတယောက်ရေစစ်ဗိုလ်ဖြစ်လားပြီးကေနိုင်ငံရပ်ခြားစစ်မြီပြင်တနေရာမှာကျဆုံးလားရေအတွက်သူ့အလောင်းကိုအမေရိကန်ပြည်ထောင်စုသို့ပြန်ယူလာပြီးကေဖုရားဆုတောင်းဝပ်ပြုရေအသုဘအခမ်းအနားကိုတက်ရောက်ဖို့(ယင်းစစ်ဗိုလ်အထက်တန်းကျောင်းသားဘဝမှာဆရာမဖြစ်ဖူးခရေအကျွန်ု့ကို)သူ့မိဖတိက တကူးတကဖိတ်ကြားလိုက်တေစာပါ။အကျွန်ု့တပည့်ဟောင်းချေ၏ဘဝကူးအခမ်းအနားကိုမတက်ရောက်ပဲနိန်ဝံ့ရေသတ္တိအကျွန်ု့မှာမဟိဖြစ်စွာအမှန်ပါ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆

(တဖက်စာမျက်နှာသို့—)

(တဖက်စာမျက်နှာ / အပြန်အလှန်အသိအမှတ်ပြုခြင်းဟူသည် မှ)

ယင်းအသုဘအခမ်းအနားမှာအကျွန့် သချႋာအတန်းထဲကတပည့်ဟောင်းတိ(ကျဆုံးလားရေစစ်ဗိုလ်၏အတန်းဖော်ဟောင်းတိ)အများကြီးကိုအင်တန်စုံစုံလင်လင်တွိလိုက်ရရေ အကျွန့်မှာတဖက်ကလည်းဝမ်းသာ၊တဖက်မှာလည်းဝမ်းနည်းနန့်တချက်တချက်အထက်တန်းကျောင်းခန်းထဲကိုတောင်ယင်းသူရို့နန့်အတူတူပြန်ရောက်လားရေပိုင်ခံစားမိပနာမျက်ရည်တစို့စို့ဖြစ်ရစွာလည်းအမှန်ပါ။အသုဘဖုရားဝတ်ပြုဆုတောင်းလို့အပြီးမှာယင်းစစ်ဗိုလ်ကြီး၏အမိနန့်အဖရို့ကအကျွန်အပါအဝင်သူရို့သား၏အတန်းဖော်ဟောင်းအားလုံးကိုသူရို့အိမ်မှာညဇာစားဖို့တလေးတစားဖိတ်ခေါ်လာပါရေ။ယင်းညဇာစားပွဲမှာတွိကြုံရရေအဖြစ်အပျက်တခုကိုအကျွန့်ဘဝတသက်တာမှာတခါလည်းမိမေ့ပျောက်လို့ရနိုင်ဖို့မထင်ပါ။

အားလုံးစားသောက်ကတ်အပြီးမှာကျဆုံးလားရေစစ်ဗိုလ်၏အဖသည်ရေဖေသာအိတ်တအိတ်ကိုညဇာစားပွဲသို့ယူလာပြီးကေစားပွဲထိပ်မှာရပ်လိုက်ပါရေ။အကျွန်ရို့အားလုံးကလည်းသူ့ကိုစိတ်ဝင်တစားကြည့်ဖြစ်ကတ်ပါရေ။ယေပြီးကေသူက "အေဂုပိုင်သူရို့သား၏ဘဝကူးအခမ်းအနားသို့တကူးတကတက်ရောက်လာကတ်တေဆရာမ(အကျွန်)နန့်သူ့သားချေ၏သူငယ်ချင်းအတန်းဖေါ်အားလုံးကိုအထူးကျေးဇူးတင်ဟိပါကြောင်း၊အင်တန်အငယ်ခါသူလုပ်ချင်စွာကိုလုပ်ဗျာယ်မိဖ ကိုကောင်းကောင်းဂရုမစိုက်တတ်တေသူရို့သားချေရေယင်းအထက်တန်းကျောင်းအောင်ပြီးရေနောက်ပိုင်းမှာသိသိသာသာနန့်လိမ်လိမ်မာမာဖြစ်လာစွာကိုသူရို့အားလုံးတအံ့တသြဖြစ်မိရပါကြောင်း၊နောက်ဆုံးအမေရီကန်ပြည်ထောင်စုတပ်မတော်၏စစ်ဗိုလ်ကြီးတယောက်ဖြစ်လာအောင်ထိသူ့ဘဝကိုသူပြုစုပျိုးထောင်လားကြောင်း၊သူ့အတွက်သူ့မိသားစုဝင်အားလုံးကဂုဏ်ယူလို့မဆုံးဖြစ်ရပါကြောင်း၊နောက်ဆုံးနိုင်ငံရပ်ခြား၏ရိုတန်းစစ်မြေပြင်မှာ သူကျဆုံးရေခါသူဇာလားလား၊ဇာလုပ်လုပ်ယူလားတတ်တေသူ့ဖေသာအိတ်ထဲကစာရွက်ချေတရွက်ကိုတွိရပါကြောင်းနန့်ယင်းခါမှရာသူ့သား၏ပြောင်းလဲလာရေအကျင့်သဘာဝအခြေအနေအရပ်ရပ်ကိုသူရို့တိ(မိဖဆွီမျိုးတိ)အနိန်နန့်ပိုလို့နားလည်သဖေါပေါက်ပါကြောင်း၊သူရို့သားချေ၏ဘဝကိုကောင်းမွန်တင့်တယ်လာအောင်ပြုပြင်ပြောင်းလဲပီးလိုက်တေဆရာမ(အကျွန်)နန့်သူ့အတန်းဖေါ်တိ(ညဇာစားပွဲမှာရောက်နိန်ကတ်တေအကျွန့်တပည့်ဟောင်းချေတိ)အားလုံးကိုကျဆုံးလားရေသူ့သားစစ်ဗိုလ်ကြီးကိုယ်စား၊သူရို့မိသားစုဆွီမျိုးသားချင်းအားလုံးကိုယ်စားအထူးကျေးဇူးတင်ဟိပါကြောင်း" စီကာပတ်ကုံးပြောဗျာယ်သူယူလာရေဖေသာအိတ်ထဲကဝါကြန့်ကြန့်ဖြစ်နိန်ရေစာရွက်ဟောင်းချေတရွက်ကိုထုတ်ပြပါရေ။ယင်းချင့်ရေအကျွန်ပြုစုခရေ စာရွက်ပါ။ ယင်းစာရွက်ထဲမှာရွီးထားရေစာတိရေယင်းနိကညဇာစားပွဲမှာရောက်နိန်ကတ်တေသူ့အတန်းဖေါ်တိကယင်းအချေ(စစ်ဗိုလ်)၏အကောင်းဆုံးတိကိုရွီးထားကတ်စွာပါ။အကျွန်နန့်အတူညစာစားပွဲမှာရောက်နိန်ကတ်တေအကျွန့်တပည့်ချေတိအားလုံးမျက်ရည်တစို့စို့နန့်ငိုဖြစ်ကတ်ပါရေ။ညဇာစားပွဲတက်လာရေအကျွန့်တပည့်ချေနောက်တယောက်ကလည်း သူ့ဖေသာအိတ်ထဲမှာပင်သူ့စာရွက်ချေကိုသိမ်းထားဖြစ်ပါကြောင်းချက်ချင်းထုတ်ပြပြန်ပါရေ။နောက်ကျောင်းသူတယောက်ကလည်းယင်းစာရွက်ချေကိုမီးခံသေတ္တာထဲမှာသိမ်းထားဖြစ်ပါကြောင်း၊အရာတယောက်ကသူ့မိသားစုမှတ်တမ်းစာအုပ်၏ထိပ်ဆုံးနေရာမှာထည့်ထားဖြစ်ပါကြောင်းအသီးသီးပြောလှာကတ်ပါရေ။ယေလီ–အကျွန့်မှာဝမ်းသာဝမ်းနည်း ဖြစ်ရလီပါ။ဂဏန်းတိ၊ပေါင်းနှုတ်၊မြှောက်၊စားတိနန့်ကျင်ကိုင်နိန်ကတ်ရစွာကိုစိကေချေလောက်အပျင်းပြေအောင်ဆိုပြီးကေလုပ်ခဖူးရေအစီအစဉ်ချေ၏တာလားမှုနက်သျှိုင်းမှုတိကိုတွိရ၊မြင်ရလို့ပါ။ယင်းစာရွက်ချေတိကိုသူရို့တိအားလုံးရေ ဇာလောက်ထိတရိုတသေ၊တလေးတစား၊လေးလေးနက်နက်သိမ်းထားကတ်ကြောင်းကိုလည်းသတိထားဖြစ်၊သိဟိလိုက်ရပါရေ။တနည်းအားဖြင့်တခြားလူတိ(အတန်းဖေါ်သူငယ်ချင်းတိ)ကမှတ်ချက်ချရေအကောင်းဆုံး၊အမွန်ဆုံးအရည်အသွေးတိကိုတလေးတစားထိမ်းသိမ်းဖြစ်ကတ်ပနာဘဝကောင်းကိုတောင်တည်ဆောက်ဖြစ်လားကတ်စွာကိုပါ။

ဇာလောက်ပင်မဲပုပ်နိန်ရေတိမ်ညိုတိမ်မိုး၊တိမ်တိုက်ဆိုးဖြစ်နိန်ပါတ်စီ၊ဘော်ငွီရောင်အနားကွပ်ချေတိဟိနိန်တတ်စမြဲပါ။အကျွန်ရို့တိအချင်းချင်းကြားမှာတယောက်ကိုတယောက်ကောင်းမွန်၊သင့်တော်ရေအသိအမှတ်ပြုမှုတိအတွက်နောက်ဆက်တွဲရလဒ်ရေပိုလို့ကောင်းမွန်၊သင့်တော်မှုတိကိုဖြစ်ထွန်းလာကတ်စီနိုင်ရေမဟုတ်ပါလား။ ။

*(အတိအကျမမှတ်မိပါယာ။လွန်ခရေဆယ်နှစ်ကျော်လောက်ကအမေရီကန်ပြည်ထောင်စု၊မန်နီဆိုးတားပြည်နယ်ကအငြိမ်းစားကျောင်းဆရာမ တယောက်ရေဘန်ကောက်ပို့စ်သတင်းစာအယ်ဒီတာဘားသို့အေစာကိုလှမ်းရွီးခဖူးပါရေ။ယင်းဆရာမ၏အယ်ဒီတာထံပီးစာကဏ္ဍထဲကစာကိုအတွက်ပေါ်သလောက်ပြန်လည်ရွီးသားတင်ပြထားခြင်းဖြစ်ပါရေ။ရက္ခိုင်အမျိုးကောင်းအမျိုးသမီးများတယောက်ကိုတယောက်အတတ်နိုင်ဆုံးအပြုသဖေါဆောင်ရေအသိအမှတ်ပြုမှုတိနန့်အတူအလှပဆုံးဘဝတိကိုတည်ဆောက်နိုင်ကတ်ပါစီ။)* ***မောင်သာပေါ် (ရမ်းဗြဲ)***

*(မျက်နှာဖုံးဆောင်းပါး နိဂုံးပိုင်း)*

မှအပတခြားလူမဟိပါဗျာယ်။ တခြားအကူအပံဆိုစွာနောက်မှပါ။ အကျွန်ရို့ကိုယ်တိုင်ကြိုးပမ်းလုပ်ဆောင်ပီးဆပ်လားကတ်ရဖို့စွာကပထမပါ။အကျွန်ရို့မြတ်စွာဖုရားသျှင်ကိုယ်တိုင်'အတ္တာဟိအတ္တနော နာထော' 'မိမိကိုယ်မှအပကိုးကွယ်ရာမဟိ' လို့တရားဒေသနာတော်ထဲမှာဟောကြားတော်မူထားရေမဟုတ်ပါလား။လူဦးရေများပြားမှု၊လမ်းပမ်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာမှု၊တနိုင်ငံနန့်တနိုင်ငံ၊တနေရာနန့်တနေရာကူးလူးဆက်ဆံရေးပိုမိုကျယ်ပြန့်တိုးတက်လာမှု၊အိန်တာနက်နန့်တယ်လီဖုန်းအပါအဝင်ခေတ်မှီဂြိုဟ်တုဆက်သွယ်ရေးနည်းလမ်းတိကိုတွင်ကျယ်လွယ်ကူစွာအသုံးပြုလာကတ်မှုရို့ကြောင့်တရက်ထက်တရက်ပိုမိုလွတ်လပ်၊ပွင့်လင်းလာရေကမ္ဘာကြီးထဲမှာအကျွန်ရို့အာဂရခိုင်မျိုးဆက်သစ်တိအနိန်နန့်လည်းလွတ်လွတ်လပ်လပ်ပူးပေါင်းပါဝင်ခွင့်ရနိုင်ကတ်ပါစီလို့ဆုတောင်းဆန္ဒပြုလိုက်ပါယင့်။ ။

***(အေဘရာဟမ်လိန်ကိန်းမှ)***

စကားစစ်ထိုးပွဲလုပ်ကတ်ရာတွင်လွှတ်တော်အမတ်ဖြစ်ရန်အနိုင်မရခသည့်တိုင်လိန်ကိန်း၏ရိုးသားမှု၊ဟောပြောနိုင်စွမ်းဟိမှုနှင့်(ကျွန်စံနစ်ဆန့်ကျင်သည့်)မူဝါဒရေးရာချမှတ်ခြင်းကောင်းမွန်မှုရို့အပေါ်အမေရိကန်ပြည်သူများ၏သတိထား၊အသိအမှတ်ပြုမှုကိုရဟိလားပါသည်။‘နိုင်ငံတနိုင်ငံတည်းတွင်နိန်ထိုင်ကတ်သူချင်းအတူတူတဝက်သောပြည်သူကအုပ်ချုပ်ခံကျွန်၊တချို့သောပြည်သူကအုပ်ချုပ်သူသခင်ပုံစံမျိုးသည်စစ်မှန်သောပြည်ထောင်စုပုံသဏ္ဍာန်တရပ်ဟုမိမိမယုံကြည်ပါကြောင်း’ဖြင့်လိန်ကိန်းကဆိုသည်။ယင်းကဲသို့သောအသိအမှတ်ပြုခံရခြင်းများအပေါ်အခြီခံကာလိန်ကိန်းရှိသို့တက်လာပါသည်။၁၈၆၀ခုနှစ်တွင်ရီဖါဗလီကိန်ပါတီ၏သမ္မတလောင်းအဖြစ်သမ္မတရွီးကောက်ပွဲတွင်ဝင်ရောက်အရွီးခံရာရိုးသား၊ကြိုးစားသောအေဘရာဟမ်လိန်ကိန်းသည်အမေရိကန်ပြည်ထောင်စု၏၁၆ယောက်မြောက်သမ္မတအဖြစ်ရွီးချယ်တင်မြှောက်ခြင်းခံရပါလီသည်။

လိန်ကိန်းသမ္မတအဖြစ်ရွီးကောက်တင်မြှောက်ခြင်းခံရပြီးသည်နောက်၁၈၆၁ခုနှစ်၊အေပရယ်လတွင်အမေရိကန်တောင်ပိုင်းစစ်သားများကတောင်ခယ်ရိုလိုင်းနားပြည်နယ်ဟိပြည်ထောင်စုအဆောက်အဦးကိုမီးတိုက်လိုက်ခြင်းဖြင့်တောင်နှင့်မြောက်ကြားတွင်ပြည်တွင်းစစ်ပွဲကြီးစတင်ပါလီသည်။စစ်ဖြစ်ပွါးပြီးတနှစ်ကျော်အကြာ၁၈၆၂ခုနှစ်၊စက်တိမ်ဘာလ၂၂ရက်နိတွင်‘အမေရိကန်ပြည်ထောင်စု၏ပြည်နယ်အားလုံး၌ကျွန်စံနစ်ကိုဖျက်သိမ်းလိုက်ကြောင်း’သမ္မတလိန်ကိန်း၏အမိန့်ဒီဂရီဖြင့်‘ကျေးကျွန်စံနစ်ဖျက်သိမ်းရေးကြော်ငြာစာတမ်း’(Emancipation Proclamation)ကိုထုတ်ပြန်လိုက်ပါသည်။အဆိုပါကြော်ငြာစာတမ်းထုတ်ပြန်ပြီးနောက်တွင်ပြည်တွင်းစစ်အသျှိန်အဟုန်လည်းပိုမိုမြင့်မားလာ၏။မြောက်ပိုင်းပြည်ထောင်စုစစ်တပ်ကိုဗိုလ်ချုပ်ကြီးယူလီဆပ်စ်အက်စ်ဂရန့် (Ulysses S. Grant)(နောက်ပိုင်းတွင်အမေရိကန်၏၁၈ယောက်မြောက်သမ္မတဖြစ်လာသူ)ကဦးစီးပြီးတောင်ပိုင်းတပ်များကိုဗိုလ်ချုပ်ကြီးရော်ဘာ့အီးလီး (Robert E. Lee)ကဦးစီးခကတ်ပါသည်။အစပိုင်းတွင်တောင်ပိုင်းစစ်တပ်များအနိုင်ရမှုများအထိုက်အလျှောက်ဟိနိန်ခသော်လည်းနောက်ပိုင်းတွင်မူမြောက်ပိုင်းပြည်ထောင်စုစစ်တပ်များကတောင်ပိုင်းခြီကုပ်နယ်မြီများကိုတခုပြီးတခုသိမ်းပိုက်လိုက်လီသည်။ယင်းသို့ဖြင့်၄နှစ်ကြာပြည်တွင်းစစ်ပွဲကြီးသည်၁၈၆၅ခုနှစ်အေပရယ် ၉ ရက်တွင်ဗိုလ်ချုပ်ကြီးရော်ဘာ့မှလက်နက်ချလိုက်ခြင်းဖြင့်အဆုံးသတ်လိုက်လီသည်။စစ်ပွဲကာလအတွင်းသမ္မတကြီးလိန်ကိန်းပြောကြားခသည့်‘ဂယ်တီဘာ့ဂ်မိန့်ခွန်း’(Gettysburg Address) မှာအလွန်နာမည်ကြီးသည့်မိန့်ခွန်းတရပ်ဖြစ်ခလီသည်။

အမေရိကန်သမိုင်း၏အကြီးကျယ်ဆုံးသောယင်းပြည်တွင်းစစ်တွင်မြောက်ပိုင်းပြည်ထောင်စုတပ်မတော်ဖက်မှလူပေါင်း၃၆၅၀၀၀ယောက်ခန့်ကျဆုံးပြီး၂၈၂၀၀၀ယောက်ခန့်ဒဏ်ရာရဟိသည်။တောင်ပိုင်းစစ်တပ်မှအကျအဆုံးနှင့်ဒဏ်ရာရဟိမှုစာရင်းကိုမူပြုစုထားခြင်းမဟိခပါ။စစ်ပွဲအတွင်းလက်နက်ချသည့်၊ဖမ်းဆီးရမိသည့်တောင်ပိုင်းစစ်သားများကိုသမ္မတလိန်ကိန်းနှင့်ဗိုလ်ချုပ်ကြီးဂရန့်ရို့သည့်အချင်းချင်းစာနာထောက်ထားမှု၊သနားစာနာ၊ခွင့်လွှတ်မှုများနှင့်အတူလွတ်လပ်စွာအိမ်ပြန်ခွင့်၊မိသားစုများနှင့်ပြန်လည်ပေါင်းစည်းခွင့်များကိုချက်ချင်းပီးခပါသည်။

ထိုသို့ပြည်တွင်းစစ်ပြီးဆုံး၍ငါးရက်အကြာ(၁၈၆၅ခုနှစ်အေပရယ်လ၁၄ရက်နိတွင်)ဝါသျှိန်တန်ကပွဲရုံ၌သမ္မတကြီးလိန်ကိန်းအညောင်းဖြေပြဇါတ်ကြည့်နိန်စဉ်ပြဇါတ်ထဲမှသရုပ်ဆောင်တဦးဖြစ်သူဂျွင်ဝီလ်ကီဘူးသ် (John Wilkes Booth) ၏ (သမ္မတထိုင်ခုံနေရာ၏နောက်ဖက်ဇါတ်ခုံမှပတ်ဝင်လာပြီး)သေနတ်ဖြင့်ပစ်သတ်ခြင်းကိုခံရပြီးနောက်တရက်တွင်သမ္မတကြီးအေဘရာဟမ်လိန်ကိန်းနတ်ရွာစံကံတော်ကုန်လားပါလီသည်။

စာရွီး၊စာဖတ်မတတ်သောလယ်သမား၏သား၊အသက်၇နှစ်အရွယ်မှာမိခင်ကွယ်လွန်လားသဖြင့်မထွီးမနှင့်ကြီးပြင်းခရသူ၊တသက်လုံးတွင်ကျောင်းတနှစ်ပင်ပြည့်အောင်မတက်ဖူးသူ၊အလုပ်မျိုးစုံလုပ်ကာဆင်းရဲပင်ပမ်းစွာကြီးပြင်းရှင်သန်လာရသူ၊အလုပ်ချိန်မှလွဲလျှင်ကျန်အချိန်များ၌စာတကုပ်ကုပ်ဖတ်နိန်တတ်သူ၊စာအုပ်တအုပ်ငှါးဖတ်ခွင့်ရရန်အတွက်မိုင်၂၀ကျော်သောခရီးကိုလမ်းလျှောက်ရန်ဝန်မလီးသူ၊လျှပ်စစ်မီးမဟိ၍မီးဖိုဘေးနားတွင်ထိုင်ကာမီးဖိုမှအလင်းရောင်ဖြင့်စာဖတ်ခရသူ၊အချစ်ရဆုံးသူနှင့်သီကွဲကွဲကာအသဲကွဲခရသူ၊နိုင်ငံရေးစစ်ထိုးပွဲများစွာတွင်သျှုံးနိမ့်မှုအပေါင်းများစွာနှင့်တွိကြုံခရသော်လည်းစိတ်ဓါတ်မကျ၊စိတ်မပျက်ပဲတတိတိနှင့်ဆက်လက်ကြိုးစားသူ၊အမေရိကန်၏အကြီးကျယ်ဆုံးသောပြည်တွင်းစစ်ကြီးကိုကြံ့ကြံ့ခံအနိုင်တိုက်ခသူ၊အမေရိကန်အတွက်သာမကကမ္ဘာ့လူသားသမိုင်း၏အထင်ကရတခုဖြစ်သည့်ကျွန်စံနစ်ဖျက်သိမ်းရေးကြော်ငြာစာတမ်းကိုလူသားဆန်သည့်နှလုံးသား၊ကြီးကျယ်မြင့်မြတ်သည့်စိတ်ဓါတ်ဂုဏ်သိမ်များဖြင့်ထုတ်ပြန်ကာသူကိုယ်တိုင်အတွက်အန္တရာယ်များကိုမှုအံ့တုခံခသူ၊ကမ္ဘာ့သမိုင်း၏အကြီးကျယ်အမြင့်မြတ်ဆုံးသောလူသားခေါင်းဆောင်များထဲမှတဦးဖြစ်သည့်သမ္မတကြီးအေဘရာဟမ်လိန်ကိန်းကောင်းရာသုဂတိဘုံမှာစံမြန်းနိုင်ပါလီစီ။ ။

**‘သုတ’ နန့် ‘ရသ’ ရို့ကိုလည်းကောင်း**

**‘သတ္တိ’ နန့် ‘ခွန်အား’ ရို့ကိုလည်းကောင်း**

**‘မဓုရတာ’ နန့် ‘ပညာ’ ရို့ကိုလည်းကောင်း**

**ပီးစွမ်းနိုင်သောစာများဖြင့်**

**လူ့အဖွဲ့အစည်းကိုအလှဆင် တင့်တယ်စီအံ့။ ။**



# အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ

*အေအေစီအစဉ်သည်ရခိုင်အမျိုးကောင်းသားအမျိုးကောင်းသမီးများ၊ ရခိုင်ကျောင်းသားကျောင်းသူများအနေနှင့်နိုင်ငံတကာစာနယ်ဇင်းများနှင့်ထုတ်သတင်းစာများ၊ကျောင်းသင်ခဏ်းစာအုပ်များတွင်အင်္ဂလိပ်စာကိုဖတ်ရှုကတ်ရာ၌ပိုမိုသဖေါပေါက်နားလည်ကတ်စီရန်ရည်ရွယ်လျက်ကြိုးစားဘာသာပြန်ဆိုစီစဉ်တင်ဆက်ထားခြင်းဖြစ်ပါရေ။ ကမ္ဘာ့နန့် ရင်ဘောင်တန်းဗျာယ်ပညာပြည့်ဝ၊ နလုံးလှရေ အာဂ ရက္ခိုင်အမျိုးကောင်းသားအမျိုးကောင်းသမီးတိဖြစ်လာနိုင်ကတ်ပါစီ။ ။*

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

**Achilles' heel:** အဓိကအားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်။ ဂရိသူရဲကောင်းအာ့ခ်လိ၏ဒဏ္ဍာရီဆန်သည့်အဖြစ်အပျက်ကိုအခြေခံ၍ပေါ်ပေါက်လာသောစကားလုံးဖြစ်ပါသည်။အဆိုပါအဖြစ်အပျက်အရ သူရဲကောင်းအာ့ခ်လိ၏ခန္ဓာကိုယ်၌မည်သည့်နေရာကိုပင်ခွပ်သည်ဖြစ်စီ၊ ထိုးသည်ဖြစ်စီတခုလည်းဖြစ်မလားပါ။ဇဖောင်ကြောင့်ဆိုသော်သူ့အသက်၏တည်နေရာသည်သူ၏ခြေဖနောင့်တွင်ဟိနိန်၍ဟုဆိုပါသည်။စစ်ပွဲတိုင်းအနိုင်ရသောအာ့ခ်လိသည်ထရိုဂျန်စစ်ပွဲ၌သူ့ခြေဖနောင့်ဒဏ်ရာကြောင့်ပင်သီဆုံးလားလီသည်။ထိုကြောင့်ကမ္ဘာ့နိုင်ငံရေးလောကတွင် တစုံတယောက်(သို့မဟုတ်)အဖွဲ့အစည်းတခုခု၏အဓိကပျော့ကွက်၊ ဟာကွက်၊အားနည်းချက်ကို(Achilles'heel)အာ့ခ်လိ၏ဖနောင့်ဟုခေါ်စမှတ်ပြုကတ်ပါသည်။

**Acid test:** တစုံတယောက်(သို့မဟုတ်)အဖွဲ့အစည်းတခု(သို့မဟုတ်)ကုမ္ပဏီတခု၏တန်ဖိုးအပေါ်၊ ကျင့်ဝတ်သိက္ခာအပေါ်၊ ခံနိုင်ရည်ဟိမှုအပေါ်ဖိအားများစွာ၊နည်းလမ်းမျိုးစုံဖြင့်စမ်းသပ်ခံရမှု။ဥပမာအားဖြင့်ရွီးကောက်ခံနိုင်ငံရေးသမားတယောက်အတွက်ရွီးကောက်ပွဲကာလသည်ဖိအားများစွာဖြင့်စမ်းသပ်ခံကာလဖြစ်ပါသည်။ကုမ္ပဏီတခုအတွက်သူ့ကြီးမြီများကိုအချိန်မှီပြန်ဆပ်ရေးပြန်ထယ်ရေးကာလများသည် Acid test ကာလများပင်ဖြစ်ပါသည်။

**Activism:** နိုင်ငံရေးလှုပ်ရှားမှုများတွင်(တနည်းနည်းဖြင့်)ပါဝင်ပါက်သက်မှု၊လုပ်ကိုင်ဆောင်ရွက်မှု။ ဥပမာအားဖြင့်နိုင်ငံရေးရုံးတရုံးဖွင့်လှစ်လုပ်ဆောင်ခြင်း၊သပိတ်မှောက်ဆန္ဒပြမှုများတွင်ပါဝင်ဆောင်ရွက်ခြင်းမျိုး။ပြည်သူလူထု၏'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလှုပ်သျှားမှုများ'၊'တိရစ္ဆာန်အခွင့်အရေးဆိုင်ရာလှုပ်သျှားမှုများ' စသည်များကိုလည်းရည်ညွှန်းခေါ်ဆိုလေ့ဟိကတ်ပါသည်။

**Adjournment:** လုပ်ရပ်(သို့မဟုတ်)လုပ်ငန်းတခုခုအားအချိန်အတိုင်းအတာတခုအတွက်ရပ်ဆိုင်းထားခြင်း(သို့မဟုတ်)ရွှေ့ဆိုင်းခြင်း။

**Adjudication:** တရားမမှုတခုခုအတွက်တရားရုံး၏အဆုံးအဖြတ်ကို တရားရုံးထဲတွင်ကြားနာခြင်း။

**Administration:** အစိုးရအုပ်ချုပ်မှုအဖွဲ့။ အစိုးရ၏မူဝါဒများချမှတ်လုပ်ဆောင်ရေးဆိုင်ရာကိစ္စအဝဝကိုစီမံခန့်ခွဲသည့်အဖွဲ့၊အုပ်စု။ ဥပမာ Obama administration (အိုဘားမားအစိုးရအုပ်ချုပ်မှုအဖွဲ့)၊ Clinton administration (ကလိန်တင်န်အစိုးရအုပ်ချုပ်မှုအဖွဲ့)၊

**Adversary system:** အဆိုနှင့်အချေဖက်နှစ်ဖက်ထား၍တင်သွင်း၊ငြင်းပါယ်၊ချေပခြင်းများဖြင့်အမှန်ဆုံး(သို့မဟုတ်)အသင့်တော်ဆုံးအခြေအနေတရပ်ကိုဆုံးဖြတ်ချမှတ်မှုပြုလုပ်သည့်စနစ်။အမေရိကန်နှင့်ဂရိတ်ဗြိတိန်နိုင်ငံများသည်အေစနစ်ကိုချမှတ်ကျင့်သုံးသောနိုင်ငံများဖြစ်ကတ်ပါသည်။

**Aegis:** လုပ်ငန်းဆောင်တာများလုပ်ဆောင်မှုလွယ်ကူစီရန်ထောက်ပံ့၊ကာကွယ်ပီးသည့်အာဏာ(သို့မဟုတ်)သြဇာညောင်းသည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်။ ဥပမာအားဖြင့်အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးဆောင်ရွက်သူများအနေနှင့်ကမ္ဘာ့ကုလသမဂ္ဂ၏ Aegis (အထောက်အပံ့အကာအကွယ်) ကိုယူ၍လုပ်ဆောင်ကတ်ရခြင်း၊ လူသားချင်းစာနာထောက်ထားသည့်ထောက်ပံ့မှုကိစ္စရပ်များဆောင်ရွက်ရန်အလို့ငှါအပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၏ Aegis ကိုခံယူ၍လုပ်ဆောင်ကတ်ရခြင်းမျိုးကိုဆိုလိုပါသည်။

**Affidavit:** ကျမ်းကိုန်၍ထုတ်ပြန်ကြော်ငြာမှုပြုလုပ်ခြင်း။ကျမ်းကိုန်ခြင်း။တရားဝင်၍လေးနက်ခိုင်ကျည်သည့်သတင်းထုတ်ပြန်မှုပြုခြင်း။

**Affluence:** ချမ်းသာကြွယ်ဝခြင်း၊ (ဖေသာဟိသဖြင့်သြဇာညောင်းခြင်းမျိုး)

**Affluent:** ချမ်းသာခြင်း။အိမ်သုံး၊လူသုံး၊စားသုံးကုန်စည်များပေါကြွယ်ဝလှသည့်လူ့အဖွဲ့အစည်း။Affluentစကားလုံးကိုအမေရိကန်စီးပွါးရေးပညာသျှင်John Kenneth Galbraithက ၁၉၆၄ခုနှစ်တွင်စတင်သုံးစွဲရာမှအသုံးတွင်လာခြင်းဖြစ်ပါသည်။အမေရိကန်နှင့်အခြားကိုလိုသည့်အနောက်တိုင်းလူ့အဖွဲ့အစည်းများကိုရည်ညွှန်းလျှက် သုံးစွဲကတ်ပါသည်။

**Agenda:** ပြီးမြောက်ရန်(သို့မဟုတ်)အထမြောက်ရန်လိုအပ်သည်များ။ဥပမာ–အစည်းအဝေးတခု၏Agendaသည်၎င်းအစည်းအဝေးတွင်ဆွေးနွေးကတ်မည့်အစီအစဉ်များ၊ဆုံးဖြတ်ရန်လိုအပ်သည့်အချက်အလက်များကိုရည်ညွှန်း၊ခြုံငုံခေါ်ဝေါ်ပါသည်။အမေရိကန်နိုင်ငံရေး လောက၌Democratic Agenda(ဒီမိုခရက်ထိခ်ပါတီမှတင်သွင်းဆွေးနွေးမည့်အချက်အလက်များ၊မူဝါဒများ၊ကျင့်သုံးလားမည့်ဥပဒေပြုဆိုင်ရာများစသည်)၊ Republican Agenda (ရီဖါဗလီခိန်ပါတီမှတင်သွင်းဆွေးနွေးမည့်အချက်အလက်များ၊မူဝါဒများ၊ကျင့်သုံးလားမည့်ဥပဒေပြုဆိုင်ရာများ)စသည်ဖြင့်ခေါ်ဝေါ်သုံးစွဲကတ်ပါသည်။

*(လစဉ် မပျက်မကွက် ဆက်လက်တင်ဆက်လားမည်ဖြစ်ပါသည်။)*

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဥ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း အခြေပြုသတင်းစဥ် ဖြစ်ပါသည်။**

**ဝယ်ယူပါ။**

**ဖတ်ပါ။မှတ်ပါ။လေ့လာပါ။**

**ဆွေးနွေးအကြံပြုပါ။**

**ဝေဖန်သုံးသပ်ပါ။**

**စာမူ၊ကြော်ငြာနှင့် ရက္ခိုတန္ဒယ်ဖွံ့ရှိ၏ လှုပ်သျှားမှုသတင်းများကို ပီးပို့အားပီးနိုင်ကတ်ပါရေ။**

**ပူးပေါင်း၊ဆက်သွယ်၊ ဆောင်ရွက်ကတ်ပါ။**

**အထူးကျေးဇူးတင်ပါရေ။**


**Editor:**

**Oo Thein Maung**

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-630-956-3382 (Cell)
theai2011@hotmail.com


တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၅ ဒေါ်လာ

# ကာဇက်စတန်သမ္မတနိုင်ငံ (Kazakhstan)

**မွန်ဂိုကျူးကျော်မှု၊တူရကီကျူးကျော်မှုနှင့်နောက်ဆုံးဆိုဗီယက်ရာသျှားရို့၏သိမ်းပိုက်မှုတိကိုခံခရပြီး၁၉၉၁ခုနှစ်တွင်လွတ်လပ်သောသမ္မတနိုင်ငံကိုထူထောင်နိုင်ခသည့် ကာဇက်စတန်နိုင်ငံသည်အာသျှအလယ်ပိုင်းတွင်အကြီးဆုံးနိုင်ငံဖြစ်သည်။ရီနံ၊သဘာဝဓါတ်ငွေ့အစဟိသည့် သတ္တုတွင်းများပေါကြွယ်ဝသည့်နိုင်ငံလည်းဖြစ်ပါသည်။**

**တရားဝင်အမည်။** ။ကာဇက်စတန်။

**တည်ထောင်သည့်ခုနှစ်။** ။ ၁၉၉၁။

**မြို့တော်။** ။အက်စ်တာနာ (Astana)။

**အဓိကမြို့ကြီးများ။** ။ အယ်လ်မာတီ၊ ကာရာဂန္ဒာ။

**လူဦးရေ။** ။ ၁၅.၄သန်း (၂၀၀၉)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင်၁၅ယောက်(၁ စတုရန်းခီလိုမီတာလျှင် ၆ ယောက်)။

**အကျယ်အဝန်း။** ။ ၁၀၄၉၁၅၅ စတုရန်းမိုင်(၂၇၁၇၃၀၀ စတုရန်းခီလိုမီတာ)။






**ဘာသာစကား။** ။ ကာဇက် ရာသျှား၊ယူကရိန်းနီယန်၊ တာတာ၊ ဂျာမန်၊ ဥဇဘက်၊ ယီဂွါ။

**ကိုးကွယ်သည့်ဘာသာ။** ။ မူဆလင်(ဆူနီအများစု) ၄၇ ရာနှုန်း၊ အော့သိုဒေါ့ခရစ်ယံ ၄၄ ရာနှုန်း၊ အခြား ၉ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ကာဇက် ၅၃ ရာနှုန်း၊ ရာသျှား ၃၀ ရာနှုန်း၊ယူကရိန်း၄ရာနှုန်း၊ တာတာ ၂ ရာနှုန်း၊ဂျာမန်၂ ရာနှုန်း၊ အခြား ၉ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွေကြီးယူနိ။** ။ ၁ တန်ဂီ (Tenge) လျှင် ၁၀၀ တီယိန် (Tiyin)။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၉ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု ။** ။ ၂၄၇၇ ခယ်လိုရီ။

**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိုင်းမြစ်ဝှမ်းမှပြည်သူ့တော်လှန်ရေး | ၁ |
| အယ်ဒီတာ့စကား | ၂ |
| ဖေဖျူဝါရီလ ရက်စဥ်ကမ္ဘာ့သတင်းများ | ၃–၁၁ |
| စာပြည့်ညိုရခိုင်စာအုပ်စင် | ၁၃ |
| အပြန်အလှန်အသိအမှတ်ပြုခြင်းဟူသည် (မောင်သာပေါ် – ရမ်းဗြဲ) | ၁၄ |
| အောဘရာဟမ်လိန်ကိန်း | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၇ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကာဇက်စတန်သမ္မတနိုင်ငံ | ၂၀ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။

The Arakan International

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

**စာအုပ်အပြည့်အစုံဖတ်ချင်သူများ**

**စာအုပ်ပီးပို့ရမည့်လိပ်စာနှင့်အတူ**

**ကြိုတင်ငွေပီးသွင်းလျှက်**

**မှာယူကတ်ပါရန်။**

**ဇာနိုင်ငံမှမဆိုမှာကြားဝယ်ယူနိုင်ကတ်ပါသည်။**

**အားလုံးကိုအထူးကျေးဇူးတင်ဟိပါသည်။**

တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၅ ဒေါ်လာ

အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။